ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်၊ အင်္ဂါနေ့၊ (26-4-2011)(၆၇၄၁)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
☆ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ☆ အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး ☆ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး ☆ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	☆ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ☆ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး ☆ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး ☆ နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး	☆ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး ☆ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး ☆ စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး ☆ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

တံတားတည်ဆောက်ရန် ကြိုတင်တွက်ချက်ရာတွင် ငလျင်ဒဏ်၊ သဘာဝဘေးဒဏ်ခံနိုင်အောင် ကြိုတင်ကာကွယ် စီမံကိန်းဝင်လုပ်ငန်းကြီးများ တစ်ခုပြီးတစ်ခု ပြီးစီးသွားသည်နှင့်အမျှ တိုင်းပြည် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည် လုပ်ငန်းများ မြန်မြန်ပြီးချင်ဇောဖြင့် လုပ်ဆောင်ရာတွင် ခိုင်ခံ့မှုနှင့် အရည်အသွေးမထိခိုက်ရန် သတိပြု တံတားကြီးပြီးစီးပါက ကြိုးပမ်းခဲ့သည့် ဝန်ထမ်းများကို ထိုက်သင့်သလို ချီးမြှင့်၊ ဆုပေးဒဏ်ပေးစနစ်ဆောင်ရွက်

နေပြည်တော် ဧပြီ ၂၅

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါ၍ ယမန်နေ့ နံနက်ပိုင်းတွင် နေပြည်တော်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာခဲ့ရာ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့သို့ နံနက် ၁၀ နာရီတွင် ရောက်ရှိကြသည်။

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များအား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့် မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပုဂံ-ညောင်ဦးလေဆိပ်၌ ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဧရာဝတီတံတား (ပခုက္ကူ) တည်ဆောက်ရေးစီမံကိန်း လက်ပန်ခြေပေါ်ဘက်ကမ်းသို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဧရာဝတီတံတား (ပခုက္ကူ) တံတားသံပေါင်တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (အပေါ်ပုံ)နှင့် **ဧရာဝတီတံတား(ပခုက္ကူ) (လက်ပန်ခြေပေါ်ဘက်ကမ်း) တံတားတည်ဆောက်ပြီးစီးနေမှုကို တွေ့ရစဉ်။** (ယာပုံ)

(သတင်းစဉ်)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
- ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

၂၆-၄-၂၀၁၁
(အင်္ဂါနေ့)

နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးအောင် ယုံယုံကြည်ကြည် လက်တွဲပူးပေါင်းဖော်ဆောင်

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် တည်ငြိမ်အေးချမ်းမှုရှိရေးသည် အဓိကအချက်ဖြစ်သည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကဲ့သို့ လူမျိုးပေါင်း ၁၀၀ ကျော် စုစည်းနေထိုင်လျက်ရှိသည့် နိုင်ငံအနေဖြင့် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်မှုရှိရေးသည် ပို၍ အရေးပါလှသည်။ ထို့ကြောင့်ပင် အစိုးရအဆက်ဆက်တို့က တိုင်းရင်းသားချင်း စည်းလုံးညီညွတ်မှုရှိစေရန် အလေးထားတည်ဆောက်လာခဲ့ကြခြင်း ဖြစ်သည်။

အထူးသဖြင့် နယ်စပ်ဒေသများ၌ ဒေသစွဲ၊ လူမျိုးစွဲစိတ်ဓာတ်များကြောင့် နိုင်ငံလွတ်လပ်ရေးရပြီးနောက်ပိုင်း စည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ရသည်။ လက်နက်ကိုင် ဆူပူသောင်းကျန်းမှုများကြောင့် ဖွံ့ဖြိုးတိုးတက်မှုများစွာနောက်ကျခဲ့ရသည်။ ယင်းသို့ကြုံတွေ့ခဲ့ကြရသည့် ဖြစ်ရပ်ဆိုး၊ အမှားမျိုးများကို သင်ခန်းစာယူ၍ ဒေသစွဲ၊ လူမျိုးစွဲစိတ်ဓာတ်များ ပပျောက်စေရေး ကြိုးပမ်းခဲ့သည်။ ၁၉၈၉ ခုနှစ် မေလမှစ၍ နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး တစိုက်မတ်မတ်ဆောင်ရွက်လာခဲ့ရာ အရှိန်အဟုန်များစွာ ရရှိလာနေပြီ။

ယနေ့ကာလတွင် နယ်စပ်ဒေသများအပါအဝင် ပြည်ထောင်စုတစ်ဝန်း၌ လမ်းသစ်များဖောက်၍ မြစ်ကူးတံတားသစ်ကြီးများ တည်ဆောက်ပေးထားပြီ။ တောတောင်လျှိုမြောင် မြစ်ချောင်းများကြောင့် အနေနီးသော်လည်း ခရီးဝေးနေသည့်ဒေသများ တစ်ဆက်တစ်စပ်တည်း သွားလာနိုင်နေကြပြီ။ ပေါင်းစည်းဆက်သွယ် ကူးသန်းရောင်းဝယ်မှု တိုးပွားများပြားလာသဖြင့် တိုင်းရင်းသားအချင်းချင်း တွေ့ဖန်များ၍ ရင်းနှီးလာကြပြီ။ မြင်ဖန်များ၍ ချစ်ခင်ပေါင်းစည်းမှု ခိုင်မာနေပြီ။

ပြည်ထောင်စုအစိုးရအနေဖြင့် ယင်းသို့ရရှိဖြစ်ထွန်းနေသည့် နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ကြိုးပမ်းသွားကြဦးမည်ဖြစ်သည်။

ထို့ကြောင့်နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးအစည်းအဝေးခန်းမ၌ ဧပြီ ၂၃ ရက်နေ့က ကျင်းပသော နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီအစည်းအဝေး (၁/၂၀၁၁)တွင် အမှာစကားပြောကြားရာ၌ **"နယ်စပ်ဒေသများတွင် တစ်ဖက်နိုင်ငံကို အထင်ကြီးအားကိုးသည့် စိတ်များပျောက်အောင်၊ တစ်ဖက်နိုင်ငံထက် သာလွန်ဖွံ့ဖြိုးတိုးတက်အောင်၊ ကိုယ့်နိုင်ငံ ကိုယ့်ဒေသအပေါ် ချစ်ခင်မြတ်နိုးပြီး ပြည်ထောင်စုအစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများနှင့်အတူ ယုံယုံကြည်ကြည် လက်တွဲပူးပေါင်းပြီး ဆောင်ရွက်လာအောင်၊ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်စေလိုသည့် မိမိတို့၏စေတနာကို နားလည်သဘောပေါက် ယုံကြည်လက်ခံလာအောင် မိမိတို့လက်တွေ့လုပ်ကိုင်ပြသကြရန်ဖြစ်ကြောင်း"** မှာကြားသည်။

နယ်စပ်ဒေသနေ ပြည်သူများ၏ စီးပွားရေးဖွံ့ဖြိုးလာစေရန် အားပေးကြရပါမည်။ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများသာမက စက်ရုံ၊ အလုပ်ရုံများပါ ဖြစ်ထွန်းပေါ်ပေါက်လာစေရန် မြှင့်တင်သွားကြရပါမည်။ ပညာရေးနှင့် ကျန်းမာရေးကဏ္ဍအလိုက် အဆင့်မြင့်မားအောင် အသိပညာဗဟုသုတ ပွားများလာအောင် ကြိုးပမ်းကြရပေဦးမည်။

သို့ဖြစ်ရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီ၏ လမ်းညွှန်ချက်များနှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ပူးပေါင်းကြိုးပမ်းအားထုတ်မှုများဖြင့် လမ်းပန်းဆက်သွယ်ရေးအပါအဝင် စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများကို ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်သွားနိုင်ကြမည်ဖြစ်ပါသည်။ ။

အမျိုးသားပညာရေးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ၂၀၁၁ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲ၌ အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

ပညာရည်ထူးချွန် အလယ်တန်းနှင့် အထက်တန်း ကျောင်းသား၊ ကျောင်းသူများအား ပညာသင်ဆုများ ချီးမြှင့်ပေးနိုင်မည့် အစီအစဉ်များ ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဧပြီ ၂၅

အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ပညာရည်ထူးချွန် ကျောင်းသား၊ ကျောင်းသူများအတွက် ပညာသင်ဆု (Scholarships)များ ချီးမြှင့်ပေးနိုင်မည့် အစီအစဉ်များကို လျာထားဆောင်ရွက်လျက်ရှိသည်ဟု ဧပြီ ၂၃ရက် နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ရွှေရတုခန်းမ၌ ကျင်းပသော ၂၀၁၁ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေးနှီးနှောဖလှယ်ပွဲ၌ အမျိုးသားပညာရေးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက အမှာစကားပြောကြားရာ၌ ထည့်သွင်းပြောကြားသည်။

အခြေခံပညာကဏ္ဍတွင် အခြေခံပညာကျောင်းပေါင်း ၄၁၀၀၀ ခန့် ဖွင့်လှစ်ထားပြီး ဆရာ၊ဆရာမ နှစ်သိန်း ခုနစ်သောင်းကျော်က ကျောင်းသား၊ကျောင်းသူ ရှစ်သန်းခန့်ကို လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ ကျောင်းနေအရွယ်ကလေးအားလုံး ကျောင်းနေရေးအတွက် မြို့နယ်အလိုက် ကျောင်းအပ်နှံရေးလုပ်ငန်းများကို လှုပ်ရှားဆောင်ရွက်ခြင်း၊ အလယ်တန်း၊ အထက်တန်းအဆင့်သို့ ကူးပြောင်းသင်ယူနှုန်း မြင့်မားရေးအတွက် လက်ရှိကျောင်းများကို သင်ကြားမှုအဆင့်မြှင့်တင်ပေးခြင်း၊ ကျောင်းသစ်များ ဖွင့်လှစ်လေ့ကျင့်ပေးခြင်း၊ အခြေခံပညာအဆင့်အလိုက် သင်ရိုးမာတိကာနှင့် ကျောင်းသုံးစာအုပ်များကို အဆင့်မြှင့်တင် ရေးဆွဲသင်ကြားပေးခြင်း၊ လုပ်ငန်းခွင်အကြို ဆရာအတတ်ပညာသင်တန်းဆင်းများအား လုပ်ငန်းခွင် ဆရာ၊ ဆရာမများအဖြစ် တိုက်ရိုက်ခန့်ထားခြင်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ဝန်ကြီးက ထည့်သွင်းပြောကြားသွားသည်။

ထို့အတူ ပညာရေးကဏ္ဍအနေဖြင့် ထုထည်ပမာဏကြီးမားပြီး သိမ်မွေ့နက်ရှိုင်းသည့် ပညာရေးစီမံကိန်းလုပ်ငန်းစဉ်များကို ရေရှည်မျှော်မှန်းအကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည့်အတွက် နိုင်ငံသားတိုင်း အခြေခံပညာအဆင့်အလိုက် သင်ယူပြီးမြောက်သည်အထိ တက်ရောက်သင်ယူရန်နှင့် ကျောင်းသား၊ကျောင်းသူများ၏ သင်ယူတတ်မြောက်မှု အရည်အသွေးမြင့်မားရေးတို့အတွက် ပညာရေးဝန်ထမ်းများ၊ ပါမောက္ခချုပ်များနှင့် ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများအနေဖြင့် သင်ကြားသင်ယူမှုလုပ်ငန်းများတွင် ကျွမ်းကျင်ပိုင်နိုင်စွာ ဦးဆောင်အကောင်အထည်ဖော်သွားကြမည်ဖြစ်သည်။ သင်ယူမှုပတ်ဝန်းကျင် တိုးတက်ကောင်းမွန်ရေးအတွက် ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံမိဘပြည်သူများ၏ ပံ့ပိုးဖြည့်ဆည်းမှုများကို ရယူဆောင်ရွက်နိုင်အောင် ပူးပေါင်းညှိနှိုင်း ဆောင်ရွက်သွားကြရန်ကိုလည်း ဝန်ကြီးက မှာကြားသည်။

အဆိုပါနှီးနှောဖလှယ်ပွဲတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘရွှေက အဆင့်မြင့်ပညာကဏ္ဍ၏ လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားပြီး အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်က အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀)နှစ်ရှည်စီမံကိန်း လုပ်ငန်းစဉ်များအပေါ် ဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၁၀ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေး (အဆင့်မြင့်ပညာကဏ္ဍ) နှီးနှောဖလှယ်ပွဲ၌ ချမှတ်ခဲ့သော လုပ်ငန်းစဉ်များ၏ ဆောင်ရွက်ပြီးစီးမှုများကို ဆွေးနွေးတင်ပြကြကာ စာတမ်းရှင်များက စာတမ်းများကို ဖတ်ကြားတင်သွင်းကြသည်။

အလားတူ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်ခန်းမ၌ ကျင်းပသော နှီးနှောဖလှယ်ပွဲတွင် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကြူ၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့်သိပ္ပံပညာရှင်များအဖွဲ့ဥက္ကဋ္ဌနှင့် ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်တို့က နှီးနှောဖလှယ်ပွဲဆိုင်ရာများကို ဆွေးနွေးမှာကြား ရှင်းလင်းတင်ပြကြကာ စာတမ်းရှင်များက စာတမ်းများကို ဖတ်ကြားတင်သွင်းကြသည်။

ပညာရေးအရည်အသွေး တိုးတက်မြင့်မားရေးဆိုင်ရာ ဆရာ၊ဆရာမများ၏ သင်ကြားမှု အရည်အသွေးပြည့်ဝရေး၊ သင်ကြားသင်ယူမှု အထောက်အကူပစ္စည်းများ၊ သိပ္ပံခန်းများနှင့် ခေတ်မီဆက်သွယ်မှု နည်းပညာဆိုင်ရာပစ္စည်းများကို ထိရောက်စွာ အသုံးပြုသင်ကြားရေး၊ စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်ရေး၊ သင်ရိုးမာတိကာများနှင့်အညီ အပြည့်အဝ လေ့ကျင့်သင်ကြားရေးနှင့် သင်ယူတတ်မြောက်မှု စွမ်းရည်မြှင့်တင်ရေး အစရှိသည့်လုပ်ငန်းများကို အပြည့်အဝအကောင်အထည်ဖော်နိုင်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးညှိနှိုင်းချမှတ်နိုင်ရန် အဆိုပါ ၂၀၁၁ ခုနှစ် အမျိုးသားပညာရည်မြင့်မားရေးနှီးနှောဖလှယ်ပွဲကို ကျင်းပခြင်းဖြစ်ပြီး ဧပြီ ၂၃ ရက်မှ ဧပြီ ၂၅ ရက် အထိ ကျင်းပကြောင်း သိရှိရသည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၆-၄-၂၀၁၁ (အင်္ဂါနေ့)
[၁၃၇၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်၊ (ဥပုသ်နေ့)]

နံနက်ပိုင်း

၇း၀၀	၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅	၂။ အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
၇း၂၅	၃။ ကျန်းမာဖို့အတူကစားစို့
၇း၃၀	၄။ နံနက်ခင်းသတင်း
၇း၄၀	၅။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၆။ နှောင်းခေတ်တေးပဒေသာ
၈း၁၀	၇။ "မြေကမ္ဘာမှတ်တမ်း"
၈း၂၅	၈။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈း၄၀	၉။ International News
၈း၄၅	၁၀။ တေးဂီတအစီအစဉ်
၉း၀၀	၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၀၅	၂။ အတီးပြိုင်ပွဲ
၄း၂၀	၃။ တေးဂီတအစီအစဉ်
၄း၃၀	၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ- ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)
၄း၄၅	၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀	၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
၅း၁၀	၇။ "ကူးလူးဆက်သွယ်အကျိုးများ ဧရာဝတီတံတား(ပခုက္ကူ)"
၅း၂၀	၈။ ရင်မှာစွဲထင်တေးအလှသံစဉ်
၅း၃၀	၉။ ကြယ်စင်ဥယျာဉ်
၆း၀၀	၁၀။ ညနေခင်းသတင်း
၆း၁၅	၁၁။ မိုးလေဝသအခြေအနေ
၆း၂၀	၁၂။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၃၀	၁၃။ ဆိုလိုက်ကြစို့
၇း၁၀	၁၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေ့မေတ္တာ" (ဒုတိယတွဲ) (အပိုင်း-၂၆)**
၈း၀၀	၁၅။ ပြည်တွင်းသတင်း
	၁၆။ နိုင်ငံတကာသတင်းများ
	၁၇။ မိုးလေဝသအခြေအနေ
	၁၈။ ရယ်စရာဟာသများ
	၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ပျော်ရွှင်စရာအိပ်မက်ကမ္ဘာ" (အပိုင်း-၂၃)**
	၂၀။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာမေတ္တာဘာဝနာပွားများခြင်းတရားတော်
	၂၁။ အစီအစဉ်ပြီး၏။

နိုင်ငံတော်က အဓိကကျသည့် အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးလျက်ရှိပြီး ဆက်လက်၍လည်း တည်ဆောက်ပေးသွားမည် ဒေသခံပြည်သူများက အဆိုပါအခြေခံအဆောက်အအုံများကို ထိထိရောက်ရောက် အကျိုးရှိစွာအသုံးချ၍ မိမိတို့ဘဝ တိုးတက်အောင်ကြိုးပမ်း



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ရောဝတီတံတား(ပခုက္ကူ) (လက်ပန်ခြေပေါ်ဘက်ကမ်း)၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

❖ **ရှေ့ဖုံးမှ**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ဧရာဝတီတံတား(ပခုက္ကူ)ပင်မတံတား (လက်ပန်ခြေပေါ်ဘက်ကမ်း)၌ သံပေါင်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် မီတာ ၁၇၉၀ အနက် ၅၆၃ မီတာ ပြီးစီးနေမှု၊ သံပေါင် ၁၅ ခန်း အနက် ၄ ဒသမ ၈ ခန်း တပ်ဆင်ပြီးဖြစ်၍ ၃၁ ဒသမ ၄၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှု၊ ပင်မတံတား(ပခုက္ကူဘက်ကမ်း)၌ သံပေါင်တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန် ၁၆၉၄ မီတာအနက် ၁၈၅ မီတာ ပြီးစီးနေမှု၊ သံပေါင် ၁၅ ခန်းအနက် ၁ ဒသမ ၈ ခန်း တပ်ဆင်ပြီးဖြစ်၍ ၁၀ ဒသမ ၉ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှု၊ စုစုပေါင်းသံပေါင်အခန်း ၃၀ အနက် ၆ ဒသမ ၆ ခန်း တပ်ဆင်ပြီးဖြစ်၍ စုစုပေါင်း ၂၁ ဒသမ ၅ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးမှု၊ ယနေ့အထိ သံပေါင်တပ်ဆင်ခြင်း ပင်မတံတားတစ်ခုလုံး ၇၅ ဒသမ ၁၅ ရာခိုင်နှုန်းပြီးစီးနေမှု၊ စီမံကိန်းအတွက် လိုအပ်သော သံပေါင်စုစုပေါင်း ၃၁၃၄၆ ဒသမ ၁၂ တန် လုပ်ငန်းခွင်သို့ အပြည့်အဝရောက်ရှိမှု၊ စီမံကိန်းအတွက် လိုအပ်သော အဓိကပစ္စည်းများရရှိမှုနှင့် ငွေကြေးရရှိမှုနှင့် သုံးစွဲမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဝန်ကြီး ဦးခင်မောင်မြင့်က တည်ဆောက်ဆဲ ဧရာဝတီမြစ်ဖြတ်တံတား ငါးစင်းအနက် ဧရာဝတီတံတား(စင်းခန်း)၊ ဧရာဝတီတံတား(မလွန်)၊ ဧရာဝတီတံတား(ရတနာသိင်္ဃ)နှင့် ဧရာဝတီတံတား(ညောင်တုန်း)တို့ကို တည်ဆောက် နေမှုနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ဧရာဝတီတံတား (ပခုက္ကူ) ချဉ်းကပ်ရထားလမ်းအူကြောင်းနေရာ၊ ချဉ်းကပ်ရထားလမ်းများ၏ စီမံကိန်းဆိုင်ရာ အချက်အလက်များ၊ ချဉ်းကပ်ရထားလမ်းလျှာထားတံတားစာရင်း၊ ချဉ်းကပ်ရထားလမ်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ကာကွယ်မှုများ လုပ်ဆောင်ရန်လိုကြောင်း၊ တံတားကြီးများ မြန်မြန်ပြီးစီးလျှင် ပြည်သူများစောစီးစွာ အကျိုးကျေးဇူးများ ခံစားရမည်ဖြစ်ပြီး စီမံကိန်းဝင် လုပ်ငန်းကြီးများ တစ်ခုပြီးတစ်ခု ပြီးစီးသွားသည်နှင့်အမျှ တိုင်းပြည် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ မြန်မြန်ပြီးချင်ဇောဖြင့်လုပ်ဆောင်ရာတွင် ခိုင်ခံ့မှုနှင့် အရည်အသွေး မထိခိုက်စေရန်လည်း သတိပြုဆောင်ရွက်ကြရန်လိုကြောင်းနှင့် ဤတံတားကြီး ပြီးစီးအောင်မြင်ပါက ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ဝန်ထမ်းများကို အသိအမှတ်ပြု၍ ထိုက်သင့်သလို ချီးမြှင့်ရန်၊ ဆုပေးဒဏ်ပေးစနစ်ဖြင့် ဆောင်ရွက်ရန် မှာကြားသည်။

ဧရာဝတီ တံတား (ပခုက္ကူ)

ဧရာဝတီတံတား (ပခုက္ကူ) တံတားတည်ဆောက်နေမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

ဧရာဝတီတံတား(ပခုက္ကူ)ကို ကားလမ်းပြီးစီးချိန်တွင် ရထားလမ်းပါ တစ်ပြိုင်တည်းပြီးစီးအောင် အချိန်ကိုက်လုပ်ဆောင်။

ဧရာဝတီတံတား(ပခုက္ကူ)နှင့် ဧရာဝတီတံတား(ညောင်တုန်း)တို့ကို သတ်မှတ်ကာလတွင်ပြီးစီးရေး ကြိုးပမ်းဆောင်ရွက်။

တံတားကြီးများ တည်ဆောက်ခြင်းဖြင့် ဒေသခံပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများရရှိ။

ချဉ်းကပ်ရထားလမ်း လက်ပန်ခြေပေါ်နှင့် ပခုက္ကူဘက်ကမ်းတို့၌ Under Pass တံတားတည်ဆောက်မှုအခြေအနေ၊ ဧရာဝတီတံတား (ပခုက္ကူ) ချဉ်းကပ်ရထားလမ်းများဖောက်လုပ်ခြင်းနှင့် ဆက်စပ်ရထားလမ်းများ တည်ဆောက်ပြီးစီးပါက မြန်မာ့မီးရထားလမ်းကွန်ရက်များနှင့် ဆက်သွယ်သွားလာနိုင်မည့် အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

တင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ဆွေးနွေးမှာကြားရာတွင် ယခုကဲ့သို့ တံတားကြီးများ တည်ဆောက်ရာ၌ အခက်အခဲအချို့ကို မလွဲမသွေကြုံတွေ့ရနိုင်ကြောင်း၊ ပြီးစီးနိုင်မည့် တံတားများကို ပြီးစီးသင့်သည့်အချိန်တွင် ပြီးစီးအောင် ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

ဧရာဝတီတံတား(ပခုက္ကူ)ကို ကားလမ်းပြီးစီးချိန်တွင် ရထားလမ်းပါ တစ်ပြိုင်တည်းပြီးစီးအောင် အချိန်ကိုက်လုပ်ဆောင်သွားရန်နှင့် ဧရာဝတီတံတား(ပခုက္ကူ)နှင့် ဧရာဝတီတံတား(ညောင်တုန်း)တို့ကို သတ်မှတ်ကာလတွင်ပြီးစီးရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း၊ တံတားကြီးများ တည်ဆောက်ခြင်းဖြင့် ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိကြောင်း။

သို့ရာတွင် အချိန်ကြာမြင့်သည်နှင့်အမျှ ငွေကြေးကုန်ကျမှု များပြားမည်ဖြစ်သည်ကို သတိပြုရမည်ဖြစ်ကြောင်း၊ လုပ်ငန်းပမာဏကြီးမား၍ အရည်အသွေးကောင်းမွန်ခိုင်ခံ့မှုအပိုင်းကို အလေးထားဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ တံတားကြီးဖြစ်တည်လာသည်သာမက မိမိတို့ ဝန်ထမ်းများ တံတားတည်ဆောက်မှုနည်းပညာများ တိုးတက်ရရှိအောင် စီမံသွားကြရန်လိုကြောင်း။

တံတားတည်ဆောက်ရန် ကြိုတင်တွက်ချက်ရာတွင် မမျှော်လင့်ဘဲ ဖြစ်ပေါ်တတ်သည့် ငလျင်ဒဏ်၊ သဘာဝဘေးဒဏ် ခံနိုင်အောင်ပါ ထည့်သွင်းစဉ်းစား၍ ကြိုတင်လုပ်ဆောင်မှုများ ...

ထို့နောက် နိုင်ငံတော်သမ္မတသည် တံတားတည်ဆောက်ရေး၌ ပါဝင်ဆောင်ရွက်လျက်ရှိကြသော နိုင်ငံခြားသားပညာရှင်များအား သစ်သီးခြင်း လက်ဆောင်ပေးအပ်သည်။

မှာကြား

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဧရာဝတီတံတား (ပခုက္ကူ)၏ ပင်မတံတား သံပေါင်တပ်ဆင်နေမှုကို စီမံကိန်းလုပ်ငန်းခွင်ရှုရပ်မှနေ၍ ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုအပေါ် သိရှိလိုသည်များကို မေးမြန်းကာ လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် လက်ပန်ခြေပေါ်ဇက်ဆိပ်မှ အထူးရေယာဉ်ဖြင့် ပခုက္ကူဘက်ကမ်းသို့ ရောက်ရှိပြီး ဧရာဝတီတံတား (ပခုက္ကူ) ပခုက္ကူဘက်ကမ်း စီမံကိန်းရှင်းလင်းဆောင်၌ တံတားစီမံကိန်းမှ တာဝန်ရှိသူများအား တွေ့ဆုံသည်။

ပခုက္ကူဘက်ကမ်း စီမံကိန်းရှင်းလင်းဆောင်၌ အင်ဂျင်နီယာချုပ် ဦးရွှေလေးက ပခုက္ကူဘက်ကမ်း နေရာခြောက်နေရာ၌ တစ်ပြိုင်တည်း သံပေါင်တပ်ဆင်နေမှု အခြေအနေ၊ ပခုက္ကူဘက်ကမ်း ချဉ်းကပ်တံတား ကားလမ်းနှင့်ရထားလမ်း လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတသည် ပခုက္ကူမြို့မှ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက်၍ ပခုက္ကူမြို့သည် မြန်မာပြည်အထက်ပိုင်း ဒေသထွက်ကုန်သီးနှံများကို အဓိကရောင်းဝယ်ဖောက်ကားလျက်ရှိသည့် မြို့တစ်မြို့ဖြစ်ရာ လမ်း၊ တံတားကြီးများ တည်ဆောက်ပြီးစီးသွားပါက လုပ်ငန်းများ **စာမျက်နှာ ၄ ကော်လံ ၁ သို့**

ယခင်ဖောင်ကို ပယ်ဖျက်၍ ယခုဖောင်အတည်ပြုပေး ပါရန်

ရောဝတီမြစ်ကူးတံတားကြီးများအနေဖြင့် တည်ဆောက်ပြီးကိုးစင်းနှင့် တည်ဆောက်ဆဲတံတားငါးစင်း စုစုပေါင်း တံတား ၁၄ စင်းရှိမည်

❒ စာမျက်နှာ ၃ မှ

ပိုမိုတွင်ကျယ်လာပြီး ဒေသသည်လည်း ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က အဓိကကျသည့် အခြေခံအဆောက်အအုံများကို တည်ဆောက်ပေးလျက်ရှိပြီး ဆက်လက်၍လည်း တည်ဆောက်ပေးသွားမည်ဖြစ်ကြောင်း၊ ဒေသခံပြည်သူများက အဆိုပါ အခြေခံအဆောက်အအုံများကို ထိထိရောက်ရောက် အကျိုးရှိစွာ အသုံးချ၍ မိမိတို့ဘဝ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းလုပ်ကိုင်သွားကြရန် လိုအပ်ကြောင်းဖြင့် မှာကြားအားပေးသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီး အဖွဲ့(၃)က တာဝန်ယူတည်ဆောက်လျက်ရှိသော ရောဝတီတံတား(ပခုက္ကူ)သည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ်အတွင်းတည်ရှိသည်။

ပင်မတံတားအရှည် ၁၁၄၃၁ ပေ၊ ကားလမ်းတံတားအရှည် စုစုပေါင်း ၁၃၅၃၇ ပေ၊ မီးရထားလမ်းတံတားအရှည် စုစုပေါင်း ၂၀၅၉၇ ပေ ဖြစ်သည်။ ပခုက္ကူဘက်ကမ်း ချဉ်းကပ်တံတား (ကားလမ်း) အရှည် ၁၃၇၈ ပေ၊ လက်ပန်ခြေပေါ်ဘက်ကမ်း ချဉ်းကပ်တံတား(ကားလမ်း) အရှည် ၇၂၈ ပေ၊ ပခုက္ကူဘက်ကမ်း ချဉ်းကပ်တံတား (မီးရထားလမ်း) အရှည်ပေ ၅၄၂၀၊ လက်ပန်ခြေပေါ်ဘက်ကမ်း ချဉ်းကပ်တံတား (မီးရထားလမ်း)အရှည် ၃၇၄၆ ပေဖြစ်သည်။

တံတားပေါ်တွင် နှစ်လမ်းသွား ကားလမ်းအကျယ် ၂၈ ပေ၊ ရထားလမ်းအကျယ် ၁၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေ သုံးလက်မစီ ပါဝင်ပြီး တံတားအောက် ရေလမ်းကင်းလွတ်နယ်မြေအကျယ် ၂၆၂ ပေနှင့် အမြင့် ၅၂ ပေဖြစ်သည်။

တံတားအုတ်မြစ်နှင့် အောက်ထည်မှာ သံကူကွန်ကရစ်ဘိုးပိုင်နှင့် သံကူကွန်ကရစ်တိုင် ကိုယ်ထည်အမျိုးအစားဖြစ်ပြီး တံတားအပေါ်ထည်မှာ သံမဏိသံပေါင် အမျိုးအစားဖြစ်သည်။ မော်တော်ယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန် ၇၅ တန် ခံနိုင်ဝန်ရှိပြီး မြန်မာနိုင်ငံအတွင်း တည်ဆောက်ပြီး တံတားများအနက် အကြီးဆုံးနှင့် အရှည်ဆုံးတံတားတစ်စင်းဖြစ်သည်။

တံတားတည်ဆောက်ရေးစီမံကိန်းကို ၂၀၀၉ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ တံတားတစ်စင်းလုံး၏ ၇၉ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ တံတားကြီးသည် အိန္ဒိယ၊ မြန်မာ၊ ထိုင်း သုံးနိုင်ငံပူးပေါင်းဆောင်ရွက်မည့် India - Myanmar -Thai Tripartite Highway လမ်းမကြီး ပေါ်ထွန်းလာပါက ယင်းလမ်းမကြီးပေါ်တွင် တည်ရှိနေမည်ဖြစ်သည်။

တံတားကြီးပြီးစီးသွားပါက ရောဝတီမြစ် အနောက်ဘက်ခြမ်း ပခုက္ကူမြို့နှင့် အရှေ့ဘက်ခြမ်းဒေသများ တစ်ဆက်တစ်စပ်တည်းဖြစ်လာပြီး အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ အလွယ်တကူ ဆက်သွယ်သွားလာနိုင်မည် ဖြစ်သည်။

ရောဝတီမြစ်ဖြတ်ကျော် တံတားကြီးများအနေဖြင့် တည်ဆောက်ပြီး တံတားကိုးစင်းနှင့် တည်ဆောက်ဆဲ တံတားငါးစင်း စုစုပေါင်း တံတား ၁၄ စင်း ရှိမည်ဖြစ်ကြောင်းသိရသည်။ တည်ဆောက်ဆဲ ရောဝတီမြစ်ဖြတ်ကျော်တံတားကြီး ငါးစင်းမှာ ရောဝတီတံတား (ပခုက္ကူ)၊ ရောဝတီတံတား(ညောင်တုန်း)၊ ရောဝတီတံတား (မလွန်)၊ ရောဝတီတံတား (ရတနာသိယံ)နှင့် ရောဝတီတံတား (စင်းခန်း)တို့ ဖြစ်ကြသည်။

တည်ဆောက်ပြီး ရောဝတီမြစ်ဖြတ်ကျော်တံတားကြီးကိုးစင်းမှာ ဗလမင်းထင်တံတား၊ အင်းဝတံတား၊ နဝဒေးတံတား၊ အနော်ရထာတံတား၊ ရောဝတီတံတား (မကွေး)၊ ရောဝတီတံတား(ရတနာပုံ)၊ ဗိုလ်မြတ်ထွန်းတံတား၊ မအူပင်တံတားနှင့် ဒေးဒရဲတံတား တို့ဖြစ်ကြသည်။

(သတင်းစဉ်)

အားပေးစကားပြောကြား

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရောဝတီတံတား(ပခုက္ကူ) ပခုက္ကူဘက်ကမ်း စီမံကိန်းရှင်းလင်းဆောင်၌ ပခုက္ကူမြို့မှ မြို့မိမြို့ဖများအား ရင်းရင်းနှီးနှီး နှုတ်ဆက် အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

ရောဝတီတံတား(ပခုက္ကူ) ပခုက္ကူဘက်ကမ်း တည်ဆောက်နေမှုကို တွေ့ရစဉ်။

(သတင်းစဉ်)

- ☆ ရောဝတီတံတား(ပခုက္ကူ)သည် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်နှင့် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ်အတွင်းတည်ရှိ။
- ☆ ပင်မတံတားအရှည် ၁၁၄၃၁ ပေ၊ ကားလမ်းတံတားအရှည် စုစုပေါင်း ၁၃၅၃၇ ပေ၊ မီးရထားလမ်းတံတားအရှည် စုစုပေါင်း ၂၀၅၉၇ ပေ ဖြစ်။
- ☆ ပခုက္ကူဘက်ကမ်း ချဉ်းကပ်တံတား (ကားလမ်း) အရှည် ၁၃၇၈ပေ၊ လက်ပန်ခြေပေါ်ဘက်ကမ်း ချဉ်းကပ် တံတား(ကားလမ်း) အရှည် ၇၂၈ ပေ၊ ပခုက္ကူဘက်ကမ်း ချဉ်းကပ်တံတား(မီးရထားလမ်း) အရှည်ပေ ၅၄၂၀၊ လက်ပန်ခြေပေါ်ဘက်ကမ်း ချဉ်းကပ်တံတား (မီးရထားလမ်း)အရှည် ၃၇၄၆ ပေဖြစ်။

ကုန်သည်/စက်မှုအသင်းချုပ် နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် မေ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်၏ အကြိမ် (၂၀) မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကို မေ ၁ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ်ရှိ Myanmar International Convention Centre (MICC) ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအစည်းအဝေးသို့ အသင်းချုပ်မှ အကြံပေးပုဂ္ဂိုလ်များ၊ ဗဟိုအလုပ်အမှုဆောင်များ၊ အလုပ်အမှုဆောင်များနှင့် အသင်းဝင်များ၊ ညီနောင်အသင်းအဖွဲ့များမှ အမှုဆောင်များနှင့် အသင်းဝင်များ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်းနှင့် အသင်းချုပ်မှ စီစဉ်သော ရန်ကုန်-နေပြည်တော် နေ့ချင်းပြန် မော်တော်ယာဉ်ဖြင့် လိုက်ပါတက်ရောက်လိုသော အသင်းသားများသည် အသင်းချုပ်ရုံးတည်ရှိရာ အမှတ်(၂၉) မင်းရဲကျော်စွာလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း- ၂၁၄၃၄၄ မှ ၄၉ အထိ တို့သို့ ဧပြီ ၂၈ ရက် နောက်ဆုံးထား၍ ဆက်သွယ်သတင်းပေးပို့ပြီး တက်ရောက်နိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ရောဝတီတံတား (ပခုက္ကူ) ပခုက္ကူဘက်ကမ်း တံတား တည်ဆောက်ပြီးစီးနေမှုကို တွေ့ရစဉ်။

(သတင်းစဉ်)

ရွှေနန်းတော် ကြည့်ရှုစစ်ဆေး

ပြန်ကြားရေး ဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း အနော်ရထာမင်းကြီး၏ ပဉ္စပါသာဒ ရွှေနန်းတော်၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်နေကြသူများပီပီ မျိုးချစ်စိတ်ဓာတ်အခြေခံဖြင့် ဆောင်ရွက် ပုဂံရွှေနန်းတော်၏ ခမ်းနားထည်ဝါမှု အရှည်တည်တံ့ခိုင်မြဲရေး ထိန်းသိမ်းဆောင်ရွက်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ပုဂံရှေးဟောင်းသုတေသန ပြတိုက်၌ ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

နေပြည်တော် မေ ၂၅

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ပုဂံ-ညောင်ဦး ခရီးစဉ်တွင် အဖွဲ့ဝင်အဖြစ် လိုက်ပါလာသော ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် မေ ၂၄ ရက် ညနေပိုင်းတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ပုဂံရှေးဟောင်းသုတေသနပြတိုက်နှင့် အနော်ရထာမင်းကြီး၏ ပဉ္စပါသာဒ ရွှေနန်းတော်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ပုဂံရှေးဟောင်းသုတေသနပြတိုက်သို့ သွားရောက်စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးအား ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်နှင့် တာဝန်ရှိသူများက ပုဂံရှေးဟောင်းသုတေသနပြတိုက်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းအင်အားအခြေအနေ၊ ပြတိုက်ဆိုင်ရာအချက်အလက်များ၊ ရှေးဟောင်းပစ္စည်း ရှာဖွေသုတေသနပြုစုခြင်းနှင့် လုပ်ငန်းလိုအပ်ချက်အရ ကွင်းဆင်းတူးဖော်မှုလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

မှာကြား

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ရှေးဟောင်းအဆောက်အအုံများ ထိန်းသိမ်းသည့် ဝန်ထမ်းများအနေဖြင့် နေ့စဉ် ရှေးဟောင်းသုတေသနဇုန်များအတွင်း ကွင်းဆင်းပြီး ရှေးဟောင်းသုတေသနဇုန်ဆိုင်ရာ သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီဖြစ်အောင် ကြပ်မတ်ဆောင်ရွက်ကြရန်၊ ပြတိုက်အတွင်း ခင်းကျင်းပြသထားသော ရှေးဟောင်းပစ္စည်းများ တာရှည်ခံအောင် စနစ်တကျထိန်းသိမ်းဆောင်ရွက်ရန်၊ ဇုန်နှင့်ပြတိုက်ဝင်ကြေးများ ကောက်ခံခြင်း၊ ငွေစာရင်းသွင်းခြင်းတို့ကို စနစ်တကျရှိအောင် ကြပ်မတ်ဆောင်ရွက်ရန်၊ မိမိတို့၏ ယဉ်ကျေးမှုအမွေအနှစ်များကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းဆောင်ရွက်နေကြသူများပီပီ မျိုးချစ်စိတ်ဓာတ်အခြေခံဖြင့် ဆောင်ရွက်သွားကြရန် မှာကြားသည်။

အလားတူ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် အနော်ရထာမင်းကြီး၏ ပဉ္စပါသာဒ ရွှေနန်းတော်သို့ ရောက်ရှိစဉ် ရာသီဥတုဒဏ်ကြောင့် နန်းဆောင်များ ပျက်စီးမှုမရှိစေရေး၊ ပတ်ဝန်းကျင်သာယာလှပရေး စနစ်တကျဆောင်ရွက်ရန်နှင့် ပုဂံရွှေနန်းတော်၏ ခမ်းနားထည်ဝါမှု အရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းဆောင်ရွက်သွားကြရန် မှာကြားခဲ့သည်။

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV) နှင့် ထိုင်းနိုင်ငံ ပြည်သူ့ဆက်ဆံရေးဌာန (PRD) တို့အကြား Joint Technical Committee (JTC) အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ထိုင်းနိုင်ငံ ပြည်သူ့ဆက်ဆံရေးဌာနတို့အကြား သတင်းပြန်ကြားရေးနှင့် ရုပ်သံထုတ်လွှင့်ခြင်းနယ်ပယ်အတွင်း ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ ကျင်းပ

နေပြည်တော် မေ ၂၅

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV) နှင့် ထိုင်းနိုင်ငံ ပြည်သူ့ဆက်ဆံရေးဌာန (PRD)တို့အကြား သတင်းပြန်ကြားရေးနှင့် ရုပ်သံထုတ်လွှင့်ခြင်း နယ်ပယ်အတွင်း ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းအခမ်းအနားနှင့် Joint Technical Committee (JTC) အစည်းအဝေးကို ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ခရိုင် တပ်ကုန်းမြို့နယ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတင့်၊ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းတို့မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံပြည်သူ့ဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးချုပ် Mr.Grisanaporn Soempanich နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် ထိုင်းနိုင်ငံ ပြည်သူ့ဆက်ဆံရေးဌာနတို့အကြား သတင်းပြန်ကြားရေးနှင့် ရုပ်သံထုတ်လွှင့်ခြင်းနယ်ပယ်အတွင်း ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ကျင်းပရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် ထိုင်းနိုင်ငံပြည်သူ့ဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးချုပ် Mr.Grisanaporn Soempanich တို့က နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးပြီး အပြန်အလှန် လဲလှယ်ကြကာ ကျေးဇူးတင်စကားပြောကြားကြသည်။

ယင်းနောက် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် Joint Technical Committee (JTC) အစည်းအဝေးကို ဆက်လက်ကျင်းပရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတင့်တို့ ဦးဆောင်သောအဖွဲ့နှင့် ထိုင်းနိုင်ငံပြည်သူ့ဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးချုပ် Mr.Grisanaporn Soempanich ဦးဆောင်သောအဖွဲ့တို့သည် အဆိုပါ နားလည်မှုစာချွန်လွှာပါ သဘောတူညီချက်များကို အကောင်အထည်ဖော်ရေးနှင့်စပ်လျဉ်း၍ အသေးစိတ် ညှိနှိုင်းဆွေးနွေးကြပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ထိုင်းနိုင်ငံပြည်သူ့ဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးချုပ် Mr.Grisanaporn Soempanich နှင့် အဖွဲ့ဝင်များသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အဆောက်အအုံအတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

(သတင်းစဉ်)

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

ယခုအခါ လမ်းတံတားကြီးများ ဖောက်လုပ်ပေးပြီးဖြစ်၍ တစ်နေရာမှတစ်နေရာသို့ အလွယ်တကူ သွားလာနိုင်ပြီ နောင်တွင် ယခုထက်ပို၍ လမ်းပန်းဆက်သွယ်သွားလာမှု လွယ်ကူလာပြီး ဒေသပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်အား ဧရာဝတီတံတား(ညောင်တုန်း) စီမံကိန်းရှင်းလင်းဆောင်၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက ရှင်းလင်းတင်ပြစဉ်။

(သတင်းစဉ်)

☆ ကျောဖုံးမှ

ခုနစ်ခန်း တပ်ဆင်ပြီးဖြစ်၍ ၃၈ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှု၊ ယခုအခါ သံပေါင် တပ်ဆင်ခြင်းလုပ်ငန်းကို ငါးနေရာ တစ်ပြိုင်တည်း တပ်ဆင်နေမှု၊ တံတား စီမံကိန်းလုပ်ငန်းများ ၇၇ ရာခိုင်နှုန်း ပြီးစီးနေမှု၊ ပုသိမ်ဘက်ခြမ်းနှင့် ရန်ကုန် ဘက်ခြမ်းတို့တွင် ချဉ်းကပ်တံတား ကားလမ်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ စီမံကိန်းအတွက် လိုအပ်သော သံပေါင် ၁၉၇၀၅ ဒသမ ၈၈၃ တန် လုပ်ငန်းခွင်သို့ အပြည့်အဝရောက်ရှိမှု၊ စီမံကိန်းအတွက် လိုအပ်သော စက်ယန္တရားများနှင့် အဓိက ပစ္စည်းများ ရရှိမှု၊ ငွေကြေးရရှိမှုနှင့် သုံးစွဲမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ဦးစားပေးဆောင်ရွက်နေ

ထို့နောက် ရထားပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက မြန်မာ့မီးရထားက ဆောင်ရွက်လျက်ရှိသော စီမံကိန်း ၁၃ ခု၊ စုစုပေါင်း ၂၂၅၅ မိုင်အနက် ၄၆၄ မိုင် ဖွင့်လှစ်ခဲ့ပြီး ကျန်ရှိသော ရထားလမ်းပိုင်းများကို ဆက်လက်ဆောင်ရွက်နေမှု၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ဖောက်လုပ်လျက်ရှိသော ပုသိမ် (ဘဲဂရက်) -အိမ်မဲ-ညောင်တုန်း- ရန်ကုန် ရထားလမ်း ၈၉ မိုင်နှင့် ဟင်္သာတ-ဓနုဖြူ-စကြော့(ညောင်တုန်း) ရထားလမ်း ၄၈ မိုင်တို့ကို ဆောင်ရွက်နေမှု၊ ဧရာဝတီတံတား (ညောင်တုန်း) ချဉ်းကပ်ရထားလမ်း ရန်ကုန်ဘက်ခြမ်းနှင့် စကြော့ဘက်ခြမ်း ဖောက်လုပ်နေမှု၊ ပုသိမ်(ဘဲဂရက်)-အိမ်မဲ-ညောင်တုန်း-ရန်ကုန်(လှိုင်သာယာ) ရထားလမ်း ၈၉ မိုင်အနက် ပုသိမ် (ဘဲဂရက်)-အိမ်မဲလမ်းပိုင်း မိုင် ၂၀ ကို ၂၀-၃-၂၀၁၁ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ဆားမလောက်-ညောင်တုန်း-စကြော့ ရထားလမ်းပိုင်း ၂၀ ဒသမ ၁၃ မိုင်နှင့် အိမ်မဲ-ပန်းတနော် ရထားလမ်းပိုင်း ၂၁ ဒသမ ၅၀ မိုင်ကို သတ်မှတ်ကာလတွင် ပြီးစီးရေး စီမံဆောင်ရွက်ထားရှိမှုနှင့် မဟာဗျူဟာအမှတ်(၃) ရထားလမ်းမကြီး ဖြစ်သည့် ကလေး-ပခုက္ကူ ပခုက္ကူ-ကြံခင်း၊ ကြံခင်း-ဟင်္သာတ၊ ဟင်္သာတ-စကြော့ (ညောင်တုန်း) နှင့် စကြော့-လှိုင်သာယာ စုစုပေါင်းမိုင် ၇၀၀ တစ်ဆက်တစ်စပ်တည်း ပြီးစီးရေးအတွက် ဦးစားပေး ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ယင်းနောက် ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က ဧရာဝတီ တံတား(ညောင်တုန်း) တည်ဆောက်မှုနှင့် ရန်ကုန်-ပုသိမ် ရထားလမ်းဖောက်လုပ်ရာတွင် လွတ်ကင်းမှုမရှိသည့် အိမ်ရာအချို့ ရွှေ့ပြောင်းရခြင်းအတွက် တန်ဖိုးနည်းအိမ်ရာများ ပြန်လည်ချထားပေးရန် စီမံဆောင်ရွက်နေမှုနှင့် စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ဆွေးနွေးမှာကြားရာတွင် ဧရာဝတီတံတား (ညောင်တုန်း) တည်ဆောက်ရေး စီမံကိန်းသည် ဧရာဝတီတံတား(ပခုက္ကူ) တည်ဆောက်ရေး စီမံကိန်းလောက် လုပ်ငန်းပမာဏ များပြားမှုမရှိခြင်း၊ ပစ္စည်းများ သယ်ယူပို့ဆောင်မှု ပိုမိုလွယ်ကူခြင်းတို့ကြောင့် ဧရာဝတီတံတား(ပခုက္ကူ)ထက် ဆောလျင်စွာ ဖွင့်လှစ်နိုင်ရေး ကြိုးစားဆောင်ရွက်သွားရန်လိုကြောင်း၊ တံတားများ စောစောဖွင့်လှစ်နိုင်ပါက ပြည်သူများ စောစီးစွာ အကျိုးကျေးဇူးခံစားရမည်ဖြစ်ကြောင်း၊ တပ်မတော်အစိုးရလက်ထက်က မပြီးပြတ်ခဲ့သည့် စီမံကိန်းကြီးများကို နှစ်နှစ်၊ သုံးနှစ်အတွင်း အမြန်ပြီးပြတ်အောင် အရှိန်အဟုန် ပြင်းပြင်းဖြင့် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ သို့မှသာ မိမိတို့အစိုးရလက်ထက်တွင် စီမံကိန်းအသစ်များ အကောင်အထည်ဖော်ရာတွင် အဆင်ပြေမည်ဖြစ်ကြောင်း၊ စီမံကိန်းအသစ်များ အကောင်အထည်ဖော်ဆောင်ရွက်သကဲ့သို့ ယခင်တည်ရှိပြီးဖြစ်သော လမ်း၊ တံတားများကိုလည်း အစဉ်ကောင်းမွန်အောင် ပြုပြင်ထိန်းသိမ်းမွမ်းမံသွားကြရန် လိုအပ်ကြောင်း၊ ငွေကြေးသုံးစွဲမှုတွင် ခြိုးခြံချွေတာ၍ မကုန်သင့်သည်ကို ကုန်ကျမှုမရှိစေရေး စီမံဆောင်ရွက်သွားရန်၊ ရေစီးကြောင်း ပြောင်းလဲမှုကြောင့် တံတားများ ထိခိုက်ပျက်စီးခဲ့သည့်သာဓကရှိသဖြင့် ယင်းသို့ မဖြစ်စေရေး ကြိုတင်တွက်ချက်ဆောင်ရွက်သွားရန်၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေးအတွက် အထူးဂရုပြုဆောင်ရွက်သွားရန်နှင့် တံတားကြီးကို သတ်မှတ်ကာလတွင် ကားလမ်းရော ရထားလမ်းပါ တစ်ပြိုင်တည်းပြီးစီးရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် မှာကြားသည်။

လက်ဆောင်ပေးအပ်

ထို့နောက် နိုင်ငံတော်သမ္မတသည် တံတားတည်ဆောက်ရေး၌ ပါဝင်ဆောင်ရွက်လျက်ရှိကြသော နိုင်ငံခြားသားပညာရှင်များအား သစ်သီးခြင်း လက်ဆောင်ပေးအပ်သည်။

ကြိုးစားလုပ်ကိုင်

ယင်းနောက် နိုင်ငံတော်သမ္မတသည် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ပြီး ဧရာဝတီတိုင်းဒေသကြီးသည် ယခင်က တစ်နေရာမှ တစ်နေရာသို့ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခဲ့ကြောင်း၊ ရန်ကုန်မြို့မှ ဧရာဝတီတိုင်းဒေသကြီးသို့ သွားလျှင် ကားတစ်တန်၊ ရထားတစ်တန်၊ သင်္ဘော၊ စက်လှေတစ်တန်ဖြင့် သွားရသဖြင့် အချိန်များစွာ ကြန့်ကြာမှုရှိခဲ့ကြောင်း၊ ယခုအခါ လမ်းတံတားကြီးများ ဖောက်လုပ်ပေးပြီးဖြစ်၍ တစ်နေရာမှ တစ်နေရာသို့ အလွယ်တကူ သွားလာနိုင်ပြီဖြစ်ကြောင်း၊ နောင်တွင် ယခုထက်ပို၍ လမ်းပန်းဆက်သွယ်သွားလာမှု လွယ်ကူလာပြီး ဒေသလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် မြေရှိလျှင် အလုပ်ရှိရမည်၊ ရေရှိလျှင် အလုပ်ရှိရမည်ဟူသော ခံယူချက်ဖြင့် အလုပ်အကိုင်အခွင့်အလမ်းများပေါ်များအောင် ဖန်တီးဖော်ဆောင်ပေးထားပြီးဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရက တည်ဆောက်ပေးထားသည့် အခြေခံကောင်းများကိုအခြေခံ၍ မိမိတို့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် တစ်ဦးချင်း ကြိုးစားလုပ်ကိုင်သွားကြရန်၊ တစ်ဦးချင်းဘဝ ဖွံ့ဖြိုးတိုးတက်မှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်၍ တိုင်းပြည်ချစ်စိတ်ဖြင့်

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❍

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဧရာဝတီတံတား(ညောင်တုန်း) စီမံကိန်းရှင်းလင်းဆောင်ရှုရပ်မှ တံတားသံပေါင်တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၆-၄-၂၀၁၁ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၄ ၃။ နိုင်ငံတော်သီချင်း
၇း၀၅ ၄။ တရားတော်
၇း၁၅ ၅။ ဓမ္မပူဇာတေး
၇း၂၀ ၆။ မျိုးချစ်တပ်မတော်
၇း၂၅ ၇။ မြန်မာ့ရှုခင်း
၇း၃၀ ၈။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၃။ အပိတ်နှုတ်ဆက်စကား
၈း၁၆ ၁၄။ ပြီးပါပြီ။

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၃ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၄ ၃။ နိုင်ငံတော်သီချင်း
၄း၀၅ ၄။ အဖွင့်သီချင်း
၄း၁၀ ၅။ အမျိုးသားရေးတေးကဗျာ
၄း၁၅ ၆။ မျိုးချစ်တပ်မတော်
၄း၂၀ ၇။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၄း၃၅ ၈။ အလွမ်းတေးပန်းချီ ချစ်သူဆီ
၄း၄၅ ၉။ အင်္ဂလိပ်စာသုတ
၄း၅၅ ၁၀။ မြန်မာသံစဉ်ချိုနားဝင်
၅း၀၀ ၁၁။ မီးသတိပေးနှိုးဆော်ချက်
၅း၁၀ ၁၂။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၁၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -သက်တော်စောင့် အပိုင်း (၃၆)**
၆း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၅။ အမျိုးသားရေးတေးကဗျာ
၆း၁၅ ၁၆။ ဘောလုံးဟာသနှင့် ဂန္ထဝင်ဂိုး (၅၀၀)
၆း၂၅ ၁၇။ အောင်မြင်ခြင်းလမ်းမ
၇း၀၀ ၁၈။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ငွေတိုက်ပွဲ (အပိုင်း-၂)**
၈း၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ ဒို့တာဝန်အရေး(၃)ပါး
၂၂။ နိုင်ငံတကာသတင်း
၂၃။ မိုးလေဝသသတင်း
၂၄။ ဟာသရုပ်စုံ
၂၅။ မွေးမြူသုတ
၂၆။ သီချင်းလက်ဆောင်
၂၇။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၈။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ပန်းနုရောင်ချစ်အိပ်မက် (အပိုင်း-၁၄)**
၂၉။ Mini Series
၃၀။ သင့်အတွက်မနက်ဖြန်
၃၁။ အပိတ်နှုတ်ဆက်စကား
၃၂။ ပြီးပါပြီ။

ရေဝတီတံတား(ညောင်တုန်း) တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်။
(သတင်းစဉ်)

❍ စာမျက်နှာ ၆ မှ
အလုပ်လုပ်ကြရန်၊ ဖောက်လုပ်ပြီး လမ်း၊ တံတားများ မပျက်စီးအောင် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရန် လိုအပ်ကြောင်း မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတသည် စီမံကိန်း ရှင်းလင်းဆောင်ရွက်ရပ်မှနေ၍ ပင်မတံတား သံပေါင်တပ်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ရေဝတီတံတား(ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်းမှ ရဟတ်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ ရန်ကုန်မြို့သို့ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အထူးစီမံကိန်းကြီးအဖွဲ့ (၅)က တာဝန်ယူတည်ဆောက်လျက်ရှိသော ရေဝတီတံတား (ညောင်တုန်း)သည် ရေဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်အတွင်း တည်ရှိသည်။

ပင်မတံတားအရှည် ၇၄၀၂ ပေ၊ ပုသိမ်ဘက်ကမ်း ချဉ်းကပ်တံတား (ကားလမ်း)အရှည် ၁၈၃၇ ပေ၊ ရန်ကုန်ဘက်ကမ်း ချဉ်းကပ်တံတား (ကားလမ်း) အရှည် ၁၅၇၅ ပေဖြစ်ပြီး ပင်မတံတားနှင့် ကားလမ်းတံတား စုစုပေါင်း အရှည် ၁၀၈၁၄ ပေဖြစ်သည်။

ပုသိမ်ဘက်ကမ်း (ရထားလမ်း)အရှည် ၆၅၂၉ ပေ၊ ရန်ကုန်ဘက်ကမ်း (ရထားလမ်း) အရှည် ၆၆၁၄ ပေဖြစ်ပြီး ပင်မတံတားနှင့် ရထားလမ်းတံတား စုစုပေါင်း အရှည် ၂၀၅၄၅ ပေဖြစ်သည်။

ချဉ်းကပ်ကားလမ်းမှာ ပုသိမ်ဘက်ကမ်း ၃၄၄၇ ပေ၊ ရန်ကုန်ဘက်ကမ်း ၇၉၄၂ ပေဖြစ်ပြီး ချဉ်းကပ်ကားလမ်း စုစုပေါင်းအရှည်မှာ ၁၁၃၈၉ ပေဖြစ်သည်။

တံတားပေါ်တွင် နှစ်လမ်းသွားကား လမ်းအကျယ် ၂၈ ပေ၊ ရထားလမ်း အကျယ် ၁၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေ သုံးလက်မစီပါဝင်ပြီး တံတားအောက်ရေလမ်းကင်းလွတ်နယ်မြေ အကျယ် ၂၆၂ ပေနှင့် အမြင့် ၅၇ ပေဖြစ်သည်။

တံတားအုတ်မြစ်နှင့် အောက်ထည်မှာ သံကူကွန်ကရစ်ဘိုးပိုင်နှင့် သံကူကွန်ကရစ်တိုင် ကိုယ်ထည်အမျိုးအစားဖြစ်ပြီး တံတားအပေါ်ထည်မှာ သံမဏိသံပေါင် အမျိုးအစားဖြစ်သည်။ မော်တော်ယာဉ် တစ်စီးချင်း ခွင့်ပြုအလေးချိန် ၇၅ တန် ခံနိုင်ဝန်ရှိမည့် တံတားကြီးဖြစ်သည်။

၂၀၁၀ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် စီမံကိန်း စတင်ဆောင်ရွက်ခဲ့ပြီး ယခုအခါ တံတားတစ်စင်းလုံး၏ ၇၇ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

တံတားကြီး ပြီးစီးပါက ရန်ကုန်မြို့၊ ပုသိမ်မြို့အပါအဝင် ဧရာဝတီမြစ် အနောက်ဘက်ခြမ်းရှိ မြို့၊ ရွာများသို့ ရထားဖြင့်ရော ကားဖြင့်ပါ အချိန်တို အတွင်း ဆက်သွယ်သွားလာနိုင်မည် ဖြစ်သည်။

(သတင်းစဉ်)

- ❑ ရေဝတီတံတား (ညောင်တုန်း)သည် ရေဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်အတွင်းတည်ရှိ။
- ❑ ပင်မတံတားအရှည် ၇၄၀၂ ပေ၊ ပုသိမ်ဘက်ကမ်း ချဉ်းကပ်တံတား (ကားလမ်း)အရှည် ၁၈၃၇ ပေ၊ ရန်ကုန်ဘက်ကမ်း ချဉ်းကပ်တံတား (ကားလမ်း) အရှည် ၁၅၇၅ ပေဖြစ်ပြီး ပင်မတံတားနှင့် ကားလမ်းတံတား စုစုပေါင်း အရှည် ၁၀၈၁၄ ပေဖြစ်။
- ❑ ပုသိမ်ဘက်ကမ်း (ရထားလမ်း) အရှည် ၆၅၂၉ ပေ၊ ရန်ကုန်ဘက်ကမ်း (ရထားလမ်း) အရှည် ၆၆၁၄ ပေဖြစ်ပြီး ပင်မတံတားနှင့် ရထားလမ်းတံတား စုစုပေါင်း အရှည် ၂၀၅၄၅ ပေဖြစ်။
- ❑ ချဉ်းကပ်ကားလမ်းမှာ ပုသိမ်ဘက်ကမ်း ၃၄၄၇ ပေ၊ ရန်ကုန်ဘက်ကမ်း ၇၉၄၂ ပေဖြစ်ပြီး ချဉ်းကပ်ကားလမ်း စုစုပေါင်းအရှည်မှာ ၁၁၃၈၉ ပေဖြစ်။
- ❑ တံတားပေါ်တွင် နှစ်လမ်းသွားကား လမ်းအကျယ် ၂၈ ပေ၊ ရထားလမ်း အကျယ် ၁၄ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေ သုံးလက်မစီပါဝင်ပြီး တံတားအောက်ရေလမ်းကင်းလွတ်နယ်မြေ အကျယ် ၂၆၂ ပေနှင့် အမြင့် ၅၇ ပေဖြစ်။
- ❑ တံတားအုတ်မြစ်နှင့် အောက်ထည်မှာ သံကူကွန်ကရစ်ဘိုးပိုင်နှင့် သံကူကွန်ကရစ်တိုင် ကိုယ်ထည်အမျိုးအစားဖြစ်ပြီး တံတားအပေါ်ထည်မှာ သံမဏိသံပေါင် အမျိုးအစားဖြစ်။
- ❑ မော်တော်ယာဉ် တစ်စီးချင်း ခွင့်ပြုအလေးချိန် ၇၅ တန် ခံနိုင်ဝန်ရှိမည့် တံတားကြီးဖြစ်။

ရေဝတီတံတား(ညောင်တုန်း) တည်ဆောက်ပြီးစီးနေမှုကို ဝေဟင်မှ တွေ့ရစဉ်။
(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၄-၂၀၁၁ (အင်္ဂါနေ့)

AM & PM

၅း၀၀	MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ်
၅း၂၀	MRTV-4 သတင်း
၅း၅၀	"ပေါ်ခိုက်ရှုမှုနိဗ္ဗာန်ရ"တရားတော် (ဆရာတော်ဓမ္မဒူတအရှင်ပညာဝရ)
၆း၅၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်" (အပိုင်း-၈၅)**
၇း၃၀	MRTV-4 သတင်း
၈း၀၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၄၃)**
၈း၄၅	ပျော်စရာကြီး Live Show (အပိုင်း-၂)
၉း၂၀	ဒါနကုသိုလ်ပြုကြရာဝယ်. . .
၉း၃၀	Cartoon Show Time (Barbie A Fairy Secret)
၁၀း၁၀	Activities in The City (မန္တလေးနိုင်ငံခြားဘာသာ တက္ကသိုလ် ကိုရီးယားဘာသာ ကျောင်းသား/သူဟောင်းများ၏ အာစရိယပူဇော်ပွဲ)
၁၀း၂၅	မြန်မာနိုင်ငံဆရာဝန်အသင်း ဆေးရုံအုပ်ချုပ်မှုပညာအဖွဲ့၏ နှစ်ပတ်လည်အစည်းအဝေး
၁၀း၄၅	Celebrity Style (အိမ့်ချစ်နှင့်တွေ့ဆုံခြင်း)
၁၁း၁၀	International Show Biz
၁၁း၂၅	စေတနာအမှန်ဖြင့်. . .
၁၁း၄၀	MRTV-4 ကာတွန်းအစီအစဉ်
၁၂း၁၀	ဖန်တီးသူ၏ပညာစွမ်းမှသည်. . လှပသောဘဝများဆီသို့
၁၂း၃၀	ရန်ကုန်မြင်ကွင်းကျယ် (NIEC ၏ Graduation Ceremony)
၁၂း၄၅	မွန်မြတ်အလှူစိတ်ကြည်ဖြူ သီတဂူပြဟ္မာယုအာယုဒါနဆေးရုံတော်၏ဆေးပဒေသာပင်အလှူ
၁း၀၀	"ပေါ်ခိုက်ရှုမှုနိဗ္ဗာန်ရ"တရားတော် (ဆရာတော်ဓမ္မဒူတအရှင်ပညာဝရ)
၂း၀၀	MRTV-4 သတင်း
၂း၂၀	MMC Water Sports Day 2011 Sports Day
၂း၄၅	လှော်ကထားပြည်သူ့ဆေးရုံဖွင့်ပွဲ (လေးမျက်နှာမြို့နယ်၊ လှော်ကထားကျေးရွာ)
၃း၀၀	Activities in The City ("SONY Days" Promotion)
၃း၁၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၈၅)**
၄း၀၅	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်"(အပိုင်း-၄၃)**
၅း၀၀	မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း၏ ကွင်းဆင်းခရီးစဉ်နှင့်စာအုပ်၊စာစောင်များ လှူဒါန်းခြင်း
၅း၁၅	(၆၂)ကြိမ်မြောက် ဈေးကြီး၊ တလိုင်းပိုင်း၊ ငါးကြော်ဖို၊ အိုးဘို ရပ်ကွက်လုံးဆိုင်ရာ သက်ကြီးဝါကြီးပူဇော်ပွဲအခမ်းအနား
၅း၃၀	အနုပညာမိုးကောင်းကင်
၆း၀၀	MRTV-4 သတင်း
၆း၂၀	ရန်ကုန်မြင်ကွင်းကျယ် (ES4E မှကျင်းပသော Parents' Day အခမ်းအနား)
၆း၄၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မင်းအတွက်ဆိုရင်"(အပိုင်း-၈၆)**
၇း၃၀	ပျော်စရာကြီး Live Show (အပိုင်း-၃)
၈း၀၀	MRTV-4 သတင်း
၈း၃၀	Celebrity Choice (ရတနာမိုင်)
၈း၅၅	သီချင်းကောင်းကောင်း သီချင်းတောင်း
၉း၃၀	**MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အနားမညီအချစ်" (အပိုင်း-၄၄)**
၁၀း၁၅	Mega Star Talk (ခင်မောင်တိုးနှင့်တွေ့ဆုံခြင်း) (အပိုင်း-၁)
၁၀း၄၅	ကုသိုလ်ရနံ့တို့သင်းပျံ့လိုင်. . . Golden Lamps အမွေးတိုင်
၁၁း၀၀	လှပသစ်ဆန်းအလှပြင်ခန်း (VIOLET STYLE Beauty Spa)
၁၁း၂၅	ကြိုတင်ပြင်ဆင်ဆောင်ရွက်လျှင် အန္တရာယ်ကင်းစင်မွေးမိခင် (ထွန်းထွန်းဝင်း၊ မေသန်းနု၊ ဖိုးသောကြာ၊ ပပဝင်းခင်) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
၁၁း၄၀	World of Knowledge (Mega Structures; Ice Breaker)
၁၂း၂၅	Rh (Negative) သွေးလိုအပ်ခြင်း အကြောင်းသိကောင်းစရာ
၁၂း၅၀	လှပ်ရှားစုံစုံမြန်မာ့သုခုမဇာတ်ခုံ (သစ္စာမေတ္တာရွှေမန်းသဘင်) (အပိုင်း-၁)
၁း၁၅	သတ္တုစပ်နည်းပညာမှသည် အကြွင်းမဲ့လုံခြုံမှုဆီသို့
၁း၃၀	Shooting Location (မျက်ခြယ်ခြံ)
၁း၅၅	လှမ်းခဲ့ပါဆွေ"မနောမြေ"
၂း၀၅	Movie Mistakes (King Kong)
၂း၂၅	စိတ်ကူးတို့နှင့်မြမြင့်မိုရ်
၂း၄၅	လက်ဖက်စိုက်တဲ့ရွာကလေး
၃း၀၀	ကဏ္ဍစုံလင်အားကစားအစီအစဉ်
၄း၀၀	ကံပေါက်ဒေသမှလေ့လာစရာများ
၄း၂၀	ပတ္တမြားမြေသို့အလည်တစ်ခေါက်
၄း၄၀	မွန်တို့မြေမှရှေးဟောင်းအမွေအနှစ်တို့တည်ရှိရာ
၅း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၁း၁၀	Stoke City - Wolverhampton	STAR SPORTS (Live)

နိုင်ငံနှင့် ပြည်သူ၏ အနာဂတ်အကျိုးစီးပွားကို အပြည့်အဝဖြည့်ဆည်းထောက်ကူ

ယမန်နေ့မှ အဆက်

ယခုနှစ်တွင် အမှတ်(၁)လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနအနေဖြင့် ရမည်းသင်း-တောင်ကြီး ခရိုင်ချင်းဆက်လမ်း ပေါင်းလောင်းမြစ်ကူးတံတား(လျာထား)နေရာ၏ အထက်ဘက် သုံးမိုင်ခန့်အကွာ၊ အထက်ပေါင်းလောင်းတမံ၏ အောက်ဘက် ရှစ်မိုင်ခန့်အကွာ ပေါင်းလောင်းမြစ်ပေါ်၌ တည်ရှိသည့် စက်တပ်ဆင်အင်အား ၁၀၀ မဂ္ဂါဝပ်နှင့် နှစ်စဉ်ပျမ်းမျှ ကီလိုဝပ်နာရီသန်း၅၀၀ ထုတ်လုပ်နိုင်သည့် အလယ်ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းနှင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၏ အနောက်တောင်ဘက် ၄၅ မိုင်ခန့်အကွာ နမ့်တဘက်မြစ်ပေါ်၌ တည်ရှိသည့် စက်တပ်ဆင် အင်အား ၁၀၄ မဂ္ဂါဝပ်နှင့် နှစ်စဉ်ပျမ်းမျှ ကီလိုဝပ်နာရီ ၅၇၅ သန်း ထုတ်လုပ်နိုင်မည့် နမ့်တဘက်ရေအားလျှပ်စစ်စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံတော်၏ လျှပ်စစ်စွမ်းအားတိုးတက်မြင့်မားမှု၏ ပြယုဂ်အဖြစ် ဤကဲ့သို့သော မဟာဓာတ်အားလိုင်းကြီးများကို ဆောင်ရွက်ပေးလျက်ရှိသည်။

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေဖြင့် မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံစီမံကိန်းများကို ဆောင်ရွက်လျက်ရှိရာ ယခု အထူးစီမံကိန်းအစည်းအဝေးသို့ စီမံကိန်းအသစ် ၁၈ ခုတင်ပြခဲ့သည်ကို တွေ့ရှိရသည်။ ဝန်ကြီးဌာနအနေဖြင့် အထူးစီမံကိန်းအစည်းအဝေးများသို့ ယခင်တင်ပြခဲ့သော မဟာဓာတ်အားလိုင်းနှင့် ပင်မဓာတ်အားခွဲရုံစီမံကိန်းပေါင်း ၂၇၈ ခုရှိသည့်အနက် ဆောင်ရွက်ပြီး ၁၀၄ ခု၊ ဆောင်ရွက်ဆဲ ၃၃ ခုနှင့် ကျန်စီမံကိန်း ၁၄၁ ခု ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။ ယခုနှစ်တွင် ဝိုင်းမော်-ဗန်းမော်-လက်ပန်လှ-မြောက်ပြင် ၂၃၀ ကေဗွီမဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း၊ နမ့်တဘက်-ဝိုင်းမော် ၂၃၀ ကေဗွီမဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း၊ ဝိုင်းမော် -မြစ်ကြီးနား(၁)-မြစ်ကြီးနား(၂)-မြစ်ကြီးနား(၃) ၆၆ ကေဗွီမဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း၊ မိုင်းရယ်-တန့်ယန်း ၆၆ ကေဗွီမဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း၊ မင်းတပ်-မတူပီ ၆၆ ကေဗွီမဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း၊ ဟိုပုန်းသို့ ၁၃၂ ကေဗွီ (အဝင်/အထွက်) မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း၊ အောင်ပန်း-ပင်းတယ ၆၆ ကေဗွီမဟာဓာတ်အားလိုင်းစီမံကိန်း၊ လေးမြို့(၂)- လေးမြို့ ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း၊ ဘီလူးချောင်း(၂)-တောင်ငူ ၂၃၀ ကေဗွီနှစ်ထပ်မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း၊ သာယာကုန်း-မင်းလှ ၂၃၀ ကေဗွီနှစ်ထပ်မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံစီမံကိန်း၊ အလယ်ပေါင်းလောင်း-ပေါင်းလောင်း ၂၃၀ ကေဗွီမဟာဓာတ်အားလိုင်းစီမံကိန်း၊ ဘီးလင်း-(ကမာနတ်-သထုံ) ၂၃၀ ကေဗွီနှစ်ထပ်မဟာဓာတ်အားလိုင်းစီမံကိန်း စသည့် စီမံကိန်း

၁၂ ခုကိုလည်းကောင်း၊ မြေအောက်ဓာတ်အားလိုင်းစီမံကိန်းများ ဖြစ်သည့် အလုံ-ဘုရင့်နောင် ၆၆ ကေဗွီ(မြေအောက်) ဓာတ်အားလိုင်း ၇ ဒသမ ၄ မိုင်စီမံကိန်း၊ အလုံ-MRTV-3 ၆၆ ကေဗွီ(မြေအောက်)ဓာတ်အားလိုင်း ၃ ဒသမ ၁ မိုင်စီမံကိန်း၊ အလုံ-မော်တင် ၆၆ ကေဗွီ(မြေအောက်)ဓာတ်အားလိုင်း ၁ ဒသမ ၂ မိုင်စီမံကိန်း၊ အလုံ-မီးရထားခွဲရုံ(ဗိုလ်ချုပ်လမ်း) ၆၆ ကေဗွီ (မြေအောက်)ဓာတ်အားလိုင်း ၃ ဒသမ ၈ မိုင်စီမံကိန်း၊ အလုံ-ဆင်မလိုက် ၆၆ ကေဗွီ (မြေအောက်)ဓာတ်အားလိုင်း ၃ ဒသမ ၅ မိုင် စီမံကိန်းနှင့် သာကေတ-ပုသိမ်ညွှန့် ၆၆ ကေဗွီ(မြေအောက်)ဓာတ်အားလိုင်း ၅ မိုင်စီမံကိန်း စသည့် စီမံကိန်း ခြောက်ခုကိုလည်းကောင်း အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည်။

စိုက်ပျိုးရေးကဏ္ဍတွင် ရေသည်အဓိကလိုအပ်ချက်ဖြစ်ရာ ရေရရှိရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်လျက်ရှိသော ဆည်တမံလုပ်ငန်းကြီးများ၊ မြစ်ရေတင်လုပ်ငန်းကြီးများကို အမြန်ပြီးပြတ်အောင်ဆောင်ရွက်ကြရမည်ဖြစ်သည့်အပြင် ရေမရရှိသေးသည့် နေရာဒေသများတွင်လည်း စိုက်ပျိုးရေနှင့် သန့်ရှင်းသောသောက်သုံးရေရရှိအောင် ဆည်သစ်၊ တမံသစ်၊ မြစ်ရေတင်လုပ်ငန်းအသစ်များကို အထူးစီမံကိန်းလုပ်ငန်းကြီးများအဖြစ် လျာထားချမှတ်ဆောင်ရွက်လျက်ရှိသည်။ မြေရှိလျှင် အလုပ်ရှိရမည်။ ရေရှိလျှင် အလုပ်ရှိရမည်ဟူသော ခံယူချက်ဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ပေါများလာအောင် ဖန်တီးဖော်ဆောင်ပေးပြီး လူသယံဇာတ၊ မြေသယံဇာတ၊ ရေသယံဇာတများကို ထိထိရောက်ရောက်အသုံးချကာ လယ်ယာ၊ သားငါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပေသည်။

ဒေသကြီး ဂန့်ဂေါမြို့နယ် ပြင်သာရွာအနီးရှိ မြစ်သာရေလှောင်တမံစီမံကိန်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စစ်ပင်တောင်ကျေးရွာအနီးရှိ ငမိုးရိပ်ရေထိန်းတံခါးစီမံကိန်း၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်အတွင်းရှိ ကိုဒူကွဲရေလှောင်တမံစီမံကိန်း၊ ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့နယ် ကင်မွန်းခြံကျေးရွာအနီးရှိ ကင်မွန်းခြံရေထိန်းတံခါးစီမံကိန်း၊ စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်အတွင်းရှိ မြောက်ယမားတိုးချဲ့ရေသောက်စနစ်စီမံကိန်း၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကန့်ဘလူမြို့နယ်အတွင်းရှိ သိန်ရင်ရေလှောင်တမံစီမံကိန်းတို့ဖြစ်သည်။ ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး မိုင် ၃၀ ဝန်းကျင်(အရှေ့ခြမ်း)စိမ်းလန်းစိုပြည်ရေးစီမံကိန်းနှင့် မိတ္ထီလာလွင်ပြင် စိမ်းလန်းစိုပြည်ရေးစီမံကိန်းများကိုလည်း အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့မှတပါး မြစ်ရေတင်အထူးစီမံကိန်း ၄၂ ခု အကျိုးပြုဧက ၄၃၄၅၀၀ ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြစ်ရေတင်အထူးစီမံကိန်း ၂၆ ခု အကျိုးပြုဧက ၂၁၈၇၀၀ ကိုဆောင်ရွက်ပြီးစီးခဲ့ပြီး ကျန်ရှိသည့် မြစ်ရေတင်အထူးစီမံကိန်း ၁၆ခု အကျိုးပြုဧက ၂၁၅၈၀၀ ကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ဆောင်ရွက်ဆဲမြစ်ရေတင်အထူးစီမံကိန်း ၁၆ ခုမှာ မိတ္ထီလာလွင်ပြင်လျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ နုန်းပို့ လျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ အရာတော်-၂ လျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ အရာတော်-၃လျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ ငမိုးရိပ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ လက်ပံလျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ ကံကလေးလျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ ခရမ်းချောင်း လျှပ်စစ်မြစ်ရေတင်စီမံကိန်း၊

ယင်းသို့ ဆောင်ရွက်နိုင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ၁၉၈၈ ခုနှစ်နောက်ပိုင်း အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ ခွင့်ပြုချက်အရ ဆည်မြောင်းစီမံကိန်း ၂၃၃ ခုကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပြီး ဆောင်ရွက်ဆဲစီမံကိန်း ၃၁ ခုနှင့် ထပ်မံဆောင်ရွက်ရန် လျာထားစီမံကိန်း ၁၄ ခုရှိကြောင်း သိရှိရသည်။ ဆောင်ရွက်ဆဲစီမံကိန်းများမှာ ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်အတွင်းရှိ ကညင်ရေလှောင်တမံစီမံကိန်း၊ မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ဝန်လိုကျေးရွာအနီးရှိ ကြီးအုံကြီးဝ ရေလှောင်တမံစီမံကိန်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) မြို့ကြီးကျေးရွာအနီးရှိ မြို့ကြီးရေလှောင်တမံဘက်စုံစီမံကိန်း၊ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်အတွင်းရှိ ဖြူးချောင်းရေလှောင်တမံစီမံကိန်း၊ မကွေးတိုင်း

မြစ်ကျိုးလျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ ဒါးက လျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ ကြီးရွာလျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ ပျော့ရွာ လျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ ဒုံသမိလျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ ဓမ္မသလျှပ်စစ် မြစ်ရေတင်စီမံကိန်း၊ ကျုံစုတ်လျှပ်စစ်မြစ်ရေတင်စီမံကိန်း၊ ဆီမီးခုံ-၃ (နွားထိုးကြီး) လျှပ်စစ်မြစ်ရေတင်စီမံကိန်းတို့ဖြစ်ကြသည်။ ဖော်ပြပါ ရေလှောင်တမံစီမံကိန်း၊ စိမ်းလန်းစိုပြည်ရေးစီမံကိန်း

နိုင်ငံတစ်ဝန်း ဆက်သွယ်သွားလာမှု လွယ်ကူစေရန်နှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေးအတွက် ရထားလမ်းကွန်ရက် ဖြန့်ကြက်တည်ဆောက်လျက်ရှိရာ ပခုက္ကူ-ကျွန်းချောင်း ရထားလမ်းပိုင်းတွင် ရထားပြေးဆွဲလျက်ရှိသည်ကို တွေ့ရစဉ်။

နှင့် မြစ်ရေတင်စီမံကိ
ဆောင်ရွက်ရာ၌ တပ်
တော့မည်ဖြစ်ပေသည
နိုင်ငံတော်၏
ရထားပို့ဆောင်ရေး
အရေးပါသည့်အခန်း
နှင့် တိုင်းဒေသကြီးအ
ကွန်ရက်ကြီး(Natio
အထည်ဖော်လျက်ရှိ
မြန်မာ့မီးရထားသည်
ရေး၊ ဒေသဖွံ့ဖြိုးမှုဂ
ပိုမိုခိုင်မြဲရေးနှင့် စီး
တို့အတွက် နိုင်ငံ
work) ကို အကော
မတိုင်မီက ဖောက်
သံလမ်း ၂၇၉၃ မိုင်
ရထားလမ်းခရီး ၃
ဖောက်လုပ်ဆဲရထာ
၂၉၇ မိုင်နှင့် ဘူတာ
နိုင်ပါသည်။

ရထားလမ်းကွ
ရှိရာ ပြည်(ရွှေတံ
လျက်ရှိသည်ကို

ယခုနှစ် အထူး
ပခုက္ကူ ရထားလမ်းစီ
လမ်းစီမံကိန်း၊ အရှ
အရှည် ၁၃၂ ဒသမ
၉၅ မိုင်ရှိသည့် ပျော်
မိုင်ရှိသည့် မင်းဘူး-
ပုသိမ်(ဘဲဂရက်)-အိမ်
အရှည်မိုင် ၁၂၀ ရှိသ
ရထားလမ်းစီမံကိန်
(ညောင်တုန်း)ရထား
ဆင်သေ-တပ်ကုန်း-
မိုင်ရှိသည့် မြစ်ကြီး
ရထားလမ်းစီမံကိန်း
ဆောင်ရွက်သွားမည်
မင်းကင်း-ကလေးဝ-
တောင်ငူ-ယာဒို-လွို
လုပ်ငန်းများ စတင်
ယနေ့အထိ
၀၈ မိုင်နှင့် ဆောင်
မိုင်၊ စုစုပေါင်းရထာ
ဇလီဖားတုံး ၁၅ ဒ
ထုတ်လုပ်လဲလှယ်ပြီး
ဒသမ ၅ သန်းခန့် ထ
ပြွန်တန်ဆာ၊ မုတ္တမ
စက်ရုံများအပြင် မင်း
ဗန်းမော်၊ သီပေါ၊ န
ရှိဦးမည်ဖြစ်သည်။ ကျ

...ည်းထောက်ကူ ပံ့ပိုးပေးနိုင်မည့် အထူးစီမံကိန်းကြီးများ(၂)

ကျော်ရဲမင်း

...ရေလှောင်တမံစီမံကိန်း၊ ...ပ် စစ်ပင်တောင်ကျေးရွာ ...ကြီး ပဲခူးမြို့နယ်အတွင်း ...ကြီး ခရမ်းမြို့နယ် ကင်မွန်း ... စစ်ကိုင်းတိုင်းဒေသကြီး ...က်စနစ်စီမံကိန်း၊ စစ်ကိုင်း ...ရှိ သိန်ရင်ရေလှောင်တမံ ...ကြီး မိုင် ၃၀ ဝန်းကျင် ...လွင်ပြင် စိမ်းလန်းစိုပြည် ...အထည်ဖော် ဆောင်ရွက်

...အကျိုးပြုဧက ၄၃၄၅၀၀ ...ရေတင်အထူးစီမံကိန်း ၂၆ ... ကျန်ရှိသည့် မြစ်ရေတင် ...က်လက်ဆောင်ရွက်လျက် ...၆ ခုမှာ မိတ္ထီလာလွင်ပြင် ...င်စီမံကိန်း၊ အရာတော်- ...စ်စစ်မြစ်ရေတင်စီမံကိန်း၊ ...စစ်မြစ်ရေတင်စီမံကိန်း၊ ...ချုပ်စစ်မြစ်ရေတင်စီမံကိန်း၊

...စစ်မြစ်ရေတင်စီမံကိန်း၊ ...စစ်မြစ်ရေတင်စီမံကိန်း၊ ...ရေတင်စီမံကိန်း၊ ကျုံစုတ် ...ချုပ်စစ်မြစ်ရေတင်စီမံကိန်း ...မ်းလန်းစိုပြည်ရေးစီမံကိန်း

...ူစေရန်နှင့် ကုန်စည် ...မ်းကွန်ရက် ဖြန့်ကြက် ... ရထားလမ်းပိုင်းတွင်

နှင့် မြစ်ရေတင်စီမံကိန်းများသည် စိုက်ပျိုးရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာ၌ တစ်တပ်တစ်အား ဖြည့်စွမ်းထောက်ကူ အကျိုးဆောင်ပေးနိုင်တော့မည်ဖြစ်ပေသည်။

နိုင်ငံတော်၏ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုများ၌ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ စွမ်းဆောင်အောင်မြင်မှုများသည်လည်း အရေးပါသည့်အခန်းကဏ္ဍမှ ရပ်တည်ပါဝင်လျက်ရှိသည်။ အထူးသဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံးသို့ ဖြန့်ကြက်ရောက်ရှိစေမည့် နိုင်ငံတော် ရထားလမ်းကွန်ရက်ကြီး(National Railway Network)ကို တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည်မှာ အထူးပင် အကျိုးကျေးဇူးကြီးမားလှသည်။ မြန်မာ့မီးရထားသည် နိုင်ငံတစ်ဝန်း လမ်းပန်းဆက်သွယ်မှုကောင်းမွန်ချောမွေ့ရေး၊ ဒေသဖွံ့ဖြိုးမှုကွာဟချက်နည်းပါးရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုခိုင်မြဲရေးနှင့် စီးပွားရေး၊ လူမှုရေးအခြေအနေများ ဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် နိုင်ငံတော်ရထားလမ်းကွန်ရက်ကြီး (National Railway Network) ကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်သည်။ ၁၉၈၈ ခုနှစ်မတိုင်မီက ဖောက်လုပ်ပြီးရထားလမ်းခရီး ၁၉၇၆ မိုင်၊ ဖောက်လုပ်ပြီးရထားသံလမ်း ၂၇၉၃ မိုင်၊ ဘူတာရုံ ၄၈၇ ရုံသာရှိခဲ့ရာမှ ယခုအခါ ဖောက်လုပ်ပြီးရထားလမ်းခရီး ၃၅၇၉ မိုင်၊ ဖောက်လုပ်ပြီးရထားသံလမ်း ၄၄၀၂ မိုင်၊ ဖောက်လုပ်ဆဲရထားလမ်းခရီး ၁၇၇၈ မိုင်၊ ဖောက်လုပ်မည့် ရထားလမ်းခရီး ၂၉၇ မိုင်နှင့် ဘူတာရုံ ၈၉၉ ရုံအထိ တိုးတက်လာခဲ့သည်ကို လေ့လာတွေ့ရှိနိုင်ပါသည်။

ရထားလမ်းကွန်ရက်များကို အကြားအလပ်မရှိ ဖောက်လုပ်လျက်ရှိရာ ပြည်(ရွှေတံခါး)-ပေါက်ခေါင်း ရထားလမ်းပိုင်းတွင် ရထားပြေးဆွဲလျက်ရှိသည်ကို တွေ့ရစဉ်။

ယခုနှစ် အထူးစီမံကိန်းကြီးများတွင်လည်း အရှည်မိုင် ၃၂၀ ရှိသည့် ကြံခင်း-ပခုက္ကူ ရထားလမ်းစီမံကိန်း၊ အရှည် ၉၈ မိုင်ရှိသည့် ကသာ-ဗန်းမော်ရထားလမ်းစီမံကိန်း၊ အရှည် ၂၂၆ မိုင်ရှိသည့် မိုးနဲ-ကျိုင်းတုံရထားလမ်းစီမံကိန်း၊ အရှည် ၁၃၂ ဒသမ ၅ မိုင်ရှိသည့် ထားဝယ်-မြိတ်ရထားလမ်းစီမံကိန်း၊ အရှည် ၉၅ မိုင်ရှိသည့် ပျော်ဘွယ်-နတ်မောက်-မကွေးရထားလမ်းစီမံကိန်း၊ အရှည် ၂၅၇ မိုင်ရှိသည့် မင်းဘူး-အမ်း-စစ်တွေရထားလမ်းစီမံကိန်း၊ အရှည် ၈၉ မိုင်ရှိသည့် ပုသိမ်(ဘဲဂရက်)-အိမ်မဲ-ညောင်တုန်း-ရန်ကုန်(လှိုင်သာယာ) ရထားလမ်းစီမံကိန်း၊ အရှည်မိုင် ၁၂၀ ရှိသည့် ပြည်(ရွှေတံခါး)-တောင်ငူ(ကျေးတော)-နေပြည်တော် ရထားလမ်းစီမံကိန်း၊ အရှည် ၄၈ မိုင်ရှိသည့် ဟင်္သာတ-ခနေဖြူ-စကြော့(ညောင်တုန်း)ရထားလမ်းစီမံကိန်း၊ အရှည်မိုင် ၁၂၀ ရှိသည့် နေပြည်တော်-ဆင်သေ-တပ်ကုန်း-ပင်လောင်းရထားလမ်းစီမံကိန်း၊ အရှည် ၄၇၄ ဒသမ ၅ မိုင်ရှိသည့် မြစ်ကြီးနား-ဗန်းမော်-မိုးမိတ်-ကျောက်မဲ-သီပေါ-လဲချား-နမ့်စန် ရထားလမ်းစီမံကိန်းများကို လမ်းပိုင်းများအလိုက်ခွဲ၍ အဆင့်ဆင့်ဖောက်လုပ်ဆောင်ရွက်သွားမည်ဖြစ်သည်။ ထို့ပြင် အရှည် ၁၂၅ မိုင်ရှိသည့် မုံရွာ-ကနီ-မင်းကင်း-ကလေးဝ-ကလေး ရထားလမ်းစီမံကိန်းနှင့် အရှည်မိုင် ၁၅၀ ရှိသည့် တောင်ငူ-ယာဒို-လွိုင်ကော်ရထားလမ်းစီမံကိန်းတို့ကိုလည်း မြေတိုင်းတာခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရှိရပါသည်။

ယနေ့အထိ ဖောက်လုပ်ပြီးစီးသည့်ရထားလမ်း သံလမ်း ၄၇၅၀ ဒသမ ၀၈ မိုင်နှင့် ဆောင်ရွက်ဆဲ စီမံကိန်းရထားလမ်း သံလမ်း ၁၉၉၀ ဒသမ ၆၅ မိုင်၊ စုစုပေါင်းရထားလမ်း သံလမ်း ၆၇၄၀ ဒသမ ၇၃ မိုင်အတွက် စုစုပေါင်း ဇလီဖားတုံး ၁၅ ဒသမ ၅ သန်းခန့်လိုအပ်ပါသည်။ လက်ရှိအခြေအနေထိ ထုတ်လုပ်လဲလှယ်ပြီး ကွန်ကရစ်ဇလီဖားတုံး လေးသန်းခန့်ရှိရာ နောက်ထပ် ၁၁ ဒသမ ၅ သန်းခန့် ထပ်မံလိုအပ်မည်ဖြစ်ပါသည်။ ထို့ကြောင့် လက်ရှိ မြစ်ငယ်၊ ပြွန်တန်ဆာ၊ မုတ္တမ၊ ပခုက္ကူ၊ ဥသျှစ်ပင်၊ ခင်ဦးမြို့များရှိ ကွန်ကရစ်ဇလီဖား စက်ရုံများအပြင် မင်းဘူးနှင့် ရွှေညောင်မြို့များ၌ တည်ဆောက်ဆဲစက်ရုံနှစ်ရုံနှင့် ဗန်းမော်၊ သီပေါ၊ နမ့်စန်မြို့များ၌ ထပ်မံတည်ဆောက်သွားမည့် စက်ရုံသုံးရုံ ရှိဦးမည်ဖြစ်သည်။ ကွန်ကရစ်ဇလီဖားတုံးစက်ရုံများ တိုးချဲ့တည်ဆောက်မှုနှင့်အတူ

မီးရထားသံလမ်းများ၏ အရည်အသွေး ပိုမိုတိုးတက်လာမည်ဖြစ်ရာ မီးရထားကဏ္ဍသည် သယ်ယူပို့ဆောင်ရေးလုပ်ငန်း၏ အဓိကကဏ္ဍတစ်ရပ်အဖြစ် တိုးတက်ပြောင်းလဲလာတော့မည် ဖြစ်ပါသည်။

အထူးစီမံကိန်းများ အကောင်အထည်ဖော်ရေးအဖွဲ့၏ (၁/၂၀၁၁)ညှိနှိုင်းအစည်းအဝေးမှ ပေါ်ထွက်လာခဲ့သော အထူးစီမံကိန်းများအားလုံးသည် နိုင်ငံတော်၏ လက်ငင်းဘဝလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် နိုင်ငံနှင့်ပြည်သူ၏ အနာဂတ်အကျိုးစီးပွားကို ဖော်ဆောင်ပေးနိုင်မည့် မရှိမဖြစ်လိုအပ်သော စီမံကိန်းကြီးများပင် ဖြစ်သည်။ တစ်နည်းအားဖြင့် နိုင်ငံနှင့်ပြည်သူ၏ အနာဂတ်အတွက် မျှော်မှန်းချက်များကို ဖြည့်ဆည်းဖော်ဆောင်ပေးနိုင်မည့် ရေရာသေချာခိုင်မာသည့် အာမခံချက်များပင် ဖြစ်ပေသည်။

စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍လည်း နိုင်ငံတော်သမ္မတကြီးက "စီမံကိန်းလုပ်ငန်းကြီးများ အကောင်အထည်ဖော်ဆောင်ရွက်ရာ၌ ငွေကြေးသုံးစွဲမှုအပိုင်းတွင် မကုန်သင့်သည်များကို မကုန်

စိုက်ပျိုးစွမ်းအား မြင့်မားတိုးတက်စေရန် စိုက်ပျိုးရေ ရရှိရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ ဆောင်ရွက်လျက်ရှိရာ ငါ့သရောက် မြစ်ရေတင်စီမံကိန်းကို တွေ့ရစဉ်။

လားရှိုးမြို့ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်လာစေပြီး စိုက်ပျိုးရေ သောက်သုံးရေ ဖြည့်ဆည်းပေးမည့် နမ့်ကျန်ရေလှောင်တမံကို တွေ့ရစဉ်။

ကျရအောင် စိစစ်သုံးစွဲကြရန် လိုပါကြောင်း၊ အလေအလွင့် ဆုံးရှုံးမှုများမရှိအောင်၊ မသမာမှုများမပြုလုပ်နိုင်အောင် တာဝန်ရှိသူအဆင့်ဆင့်အနေဖြင့် အောက်ခြေလုပ်ငန်းခွင်အထိ အရောက်သွားပြီး စစ်ဆေးကြပ်မတ်ပြုပြင်ပေးရန်လိုပါကြောင်း၊ လုပ်ငန်းခွင်လုံခြုံရေးနှင့် လုပ်ငန်းခွင်သက်သာချောင်ချိရေးတို့ကို စည်းမျဉ်းစည်းကမ်းနှင့်အညီ ဆောင်ရွက်ပေးပြီး ရိုးသားကြိုးစားသည့် ဝန်ထမ်းများကို ထိုက်ထိုက်တန်တန် ချီးမြှင့်မြှောက်စားပြီး မသမာမှုပြုလုပ်သူ၊ အလွဲသုံးစားပြုလုပ်သူ၊ ကိုယ်ကျင့်တရားပျက်ယွင်းသူများကိုလည်း ထိထိရောက်ရောက်အရေးယူသွားကြရန် လိုအပ်ပါကြောင်း" အလေးအနက် မှာကြားခဲ့ပါသည်။ လေးနက်မှန်ကန်ပြီး အထူးစီမံကိန်းကြီးများ အပြည့်အဝအောင်မြင်စေရေးအတွက် တိကျစွာလိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်ချက်ပင် ဖြစ်ပါသည်။

ယနေ့အခါ ခေတ်သစ်စနစ်သစ်တစ်ခုသို့ ကူးပြောင်းဖော်ဆောင်နေပြီဖြစ်ရာ တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများလည်း အသီးသီးရှိနေကြပြီဖြစ်သည့်အတွက် တိုင်းပြည်တည်ဆောက်ရေးတာဝန်များကို ခွဲဝေတာဝန်ယူဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ယခု အထူးစီမံကိန်းလုပ်ငန်းကြီးများကို အကောင်အထည်ဖော်ဆောင်ရွက်ရာ၌လည်း ပြည်ထောင်စုအဆင့်အစိုးရနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု (Co-operation)ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်မှု (Co-ordination) အပြည့်အဝထားရှိလျက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဟူသော တူညီသည့် ရည်မှန်းချက်ထားရှိပြီး ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်သွားကြမည်ဆိုပါက အထူးစီမံကိန်းကြီးများအားလုံး အောင်မြင်ပြီးမြောက်ပြီး နိုင်ငံနှင့်ပြည်သူ၏ အနာဂတ်အကျိုးစီးပွားကို အပြည့်အဝ ဖြည့်ဆည်းထောက်ကူ ပံ့ပိုးပေးနိုင်မည်ဖြစ်ပါကြောင်းတင်ပြရင်း နိုင်ငံနှင့်ပြည်သူ၏ အနာဂတ်မျှော်မှန်းချက်ဖြစ်သည့် အထူးစီမံကိန်းကြီးများကို ဂုဏ်ပြုကြိုဆိုတင်ပြလိုက်ရပါသည်။ ။

ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင် ဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် ဧပြီ ၂၅

သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်သည် ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးရုံးစုပေါင်းခန်းမ၌ ဒုတိယဝန်ကြီး၊ သာသနာရေးဦးစီးဌာနနှင့် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ် (စီမံ)၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် အရာထမ်း၊ အမှုထမ်းများအား တွေ့ဆုံ၍ အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းအား ထိုင်းနိုင်ငံ ပြည်သူ့ဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးချုပ် Mr.Grisanaporn Soempanich ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းအား ထိုင်းနိုင်ငံ ပြည်သူ့ဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးချုပ် Mr.Grisanaporn Soempanich ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၅

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းအား ထိုင်းနိုင်ငံ ပြည်သူ့ဆက်ဆံရေးဌာန ညွှန်ကြားရေးမှူးချုပ် Mr.Grisanaporn Soempanich ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၃ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမသို့ လာရောက်တွေ့ဆုံသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ထိုင်းနိုင်ငံအစိုးရ ပြည်သူ့ဆက်ဆံရေးဌာန တို့အကြား သတင်းပြန်ကြားရေးနှင့် ရုပ်သံထုတ်လွှင့်ခြင်းနယ်ပယ်အတွင်း ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးပြီးဖြစ်ရာ ယနေ့တွေ့ဆုံမှုတွင် အဆိုပါ နားလည်မှု စာချွန်လွှာနှင့်အညီ နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် သတင်းပြန်ကြားရေးနယ်ပယ်ကို ပိုမိုမြှင့်တင် ဆောင်ရွက်သွားနိုင်ရေး ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံရာသို့ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးရဲတင့်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်မင်းဦး၊ ရုံးအဖွဲ့မှူး ဦးမြင့်ထွေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ကမ္ဘောဒီးယား အနုပညာဖလှယ်ပွဲတော်သို့ တက်ရောက်ရန် မြန်မာပန်းချီအနုပညာရှင်များအား ဖိတ်ကြား

ရန်ကုန် ဧပြီ ၂၅

ကမ္ဘောဒီးယားနိုင်ငံ ဖနွမ်းပင်မြို့၌ ဇွန်လတွင်ကျင်းပမည့် Myanmar-Cambodia Cultural Exchange သို့တက်ရောက်ရန် မြန်မာနိုင်ငံမှ ပန်းချီဆရာ၊ ဆရာမ လေးဦးအား ဖိတ်ကြားထားကြောင်း သိရှိရသည်။

အဆိုပါ အစီအစဉ်အရ မြန်မာပန်းချီအနုပညာရှင်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံတွင် နှစ်ပတ်ကြာ နေထိုင်မည်ဖြစ်ပြီး ထိုသို့နေထိုင်စဉ်အတွင်း ကမ္ဘောဒီးယားမှ ပန်းချီအနုပညာရှင်များနှင့်အတူ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများအပြင် ပန်းချီပြပွဲကိုလည်း ကျင်းပရန်စီစဉ်ထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

မင်းပြားမြို့နယ်အသင်း(ရန်ကုန်) နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး ကျင်းပ

ရန်ကုန် ဧပြီ ၂၅

မင်းပြားမြို့နယ်အသင်း(ရန်ကုန်)၏ (၂၂)ကြိမ်မြောက် နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ လူမှုထူးချွန်နှင့် ပညာရည်ချွန်ဂုဏ်ပြုဆုပေးပွဲကို မတ် ၂၇ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဗဟန်းမြို့နယ် ကျောင်းတော်ရာ ရွှေကျင်တိုက် မင်္ဂလာတိုက်ကျောင်း၌ ကျင်းပရာ အမှုဆောင်အဖွဲ့ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းအတည်ပြုကြပြီး အသက် (၇၅) နှစ်နှင့်အထက် မြို့နယ်သား ဘိုးဘွား ၂၅ ဦးတို့အား ပူဇော်ကန်တော့ကြသည်။

ဆက်လက်၍ ဥက္ကဋ္ဌ ဦးကျင်သိန်းနှင့် နာယကကြီးများက ၂၀၀၉ ခုနှစ် အမျိုးသားစာပေဆု(ကလေးစာပေ)ဆုရ ဆရာ မင်းရွှေမင်း(အင်းစိန်)အားလည်းကောင်း၊ လူမှုထူးချွန်ဆုရ သွေးလှူရှင်နှစ်ဦးအားလည်းကောင်း၊ ရူပဗေဒပါရဂူ ဒေါက်တာဘွဲ့ရ တစ်ဦးအားလည်းကောင်း၊ ၂၀၁၀ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် ထူးချွန်စွာ အောင်မြင်ကြသူများအားလည်းကောင်း အသီးသီးဂုဏ်ပြုဆုများ ချီးမြှင့်ကြသည်။ ယင်းနောက် ၂၀၁၁-၂၀၁၂ ခုနှစ်အတွက် ဥက္ကဋ္ဌအသစ် ဦးဇာနီဦး ပါဝင်သော အမှုဆောင်အဖွဲ့ဝင် ၂၉ ဦးတို့အား ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ ယင်းအစည်းအဝေး၌ ဦးကျော်မြင့်၊ အင်အားသစ်ဆိုလာပစ္စည်းရောင်းဝယ်ရေး(မူဆယ်/မန္တလေး)မှ အသင်း၏ တက္ကသိုလ်ပညာသင်ဆု ငွေပဒေသာပင်ရန်ပုံငွေအဖြစ် အလှူငွေကျပ် ၁၀ သိန်း စိုက်ထူလှူဒါန်းခဲ့ကြောင်း သိရသည်။ (ကြေးမုံ)

တိပိဋကဓရ တိပိဋကကောဝိဒ စာအောင်သာသနာ့အာဇာနည်များအား ချီးကျူးပူဇော်ပွဲ ကျင်းပမည်

နေပြည်တော် ဧပြီ ၂၅

သာသနာရေးဝန်ကြီးဌာနက ကြီးမှူးကျင်းပသော (၆၃)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ပွဲတွင် မူလအဘိဓမ္မကောဝိဒ တစ်ပါး၊ မူလအာဘိဓမ္မိက လေးပါး၊ ဒီဃနိကာယကောဝိဒ နှစ်ပါး၊ ဒီဃဘာဏက နှစ်ပါး၊ ဝိနယကောဝိဒ ခြောက်ပါး၊ ဝိနယဓရ ၁၉ ပါး၊ ဥဘတောဝိဘင်္ဂကောဝိဒ ကိုးပါးနှင့် ဥဘတောဝိဘင်္ဂဓရ ၄၁ ပါး စုစုပေါင်း သံဃာတော် ၈၄ ပါး အောင်မြင်တော်မူကြသည်။

စာအောင်သာသနာ့အာဇာနည်အရှင်မြတ်များအား အောင်လက်မှတ်၊ ဘွဲ့တံဆိပ်ဆက်ကပ်ပွဲနှင့် ချီးကျူးပူဇော်ပွဲ အခမ်းအနားကို (၁၃၇၃ ခုနှစ် ကဆုန်လပြည့်ကျော် ၅ ရက်) ၂၂-၅-၂၀၁၁ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ စာအောင်သာသနာ့အာဇာနည်အရှင်မြတ်များသည် မေ ၂၁ ရက် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ ဥတ္တရကုရုကျောင်းဆောင်သို့ ကြွရောက်တော်မူပါရန် သာသနာရေးဦးစီးဌာနက ပင့်လျှောက်ထားသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများ၊ တိပိဋကဓရ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဆရာတော်များ၊ တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ စာထောက်စာမဆရာတော်များ၊ ပင့်သံဃာများနှင့် ယခုနှစ်တွင် ပြန်ဆို/ရေးဖြေ အောင်မြင်တော်မူကြသော စာအောင်သံဃာတော်များ အပါအဝင် ပင့်သံဃာ ၂၆၈ ပါးတို့အား လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ချီးကျူးပူဇော်လှူဒါန်းမည်ဖြစ်ပါသဖြင့် ကြွရောက်ကြည်ညိုကြပါရန်နှင့် လှူဖွယ် ဝတ္ထုပစ္စည်းများကို ကြိုတင်၍ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်း ဖုန်း-၆၅၁၅၇၂၊ စာမေးပွဲဌာနခွဲ ဖုန်း-၆၅၂၇၉၄၊ ၆၆၃၃၂၅ နှင့် ၆၆၄၅၇၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပလတ်စတစ်အိတ်စက်ရုံများအားလုံး ပိတ်သိမ်းမည်

ရန်ကုန် ဧပြီ ၂၅

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပလတ်စတစ်အိတ်အမျိုးမျိုး (ကြွပ်ကြွပ်အိတ်အမျိုးစုံနှင့် ပလတ်စတစ်ကြိုး) ထုတ်လုပ်သည့်လုပ်ငန်းများကို ဧပြီ ၂၀ ရက် နောက်ဆုံးထားပိတ်သိမ်းရန်နှင့် ပိတ်သိမ်းခြင်းမပြုပါက လုပ်ငန်းလိုင်စင်စာရင်းမှပယ်ဖျက်၍ စည်ပင်သာယာဥပဒေ၊ စည်းမျဉ်း စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် သက်ဆိုင်ရာမြို့နယ်အလိုက် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးများက အကြောင်းကြားစာများ ပေးပို့ထားကြောင်း သိရှိရသည်။

ထို့အတူ မြို့နယ်များအတွင်းရှိ စတိုးဆိုင်၊ ကုန်စုံဆိုင်များသို့လည်း ကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်ကြိုးများ ထုတ်လုပ်၊ သိုလှောင်၊ ရောင်းချခြင်းများကို ဧပြီ ၂၂ ရက်မှစတင်ကာ ခွင့်မပြုတော့ကြောင်း၊ လိုက်နာမှုမရှိပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ထုတ်ပေးထားသော လုပ်ငန်းလိုင်စင်ကို ပိတ်သိမ်းမည်ဖြစ်ကြောင်းဖြင့် အကြောင်းကြားစာများ ပေးပို့ထားကြောင်း သိရှိရသည်။ (သတင်းစဉ်)

အထက(၂)ဗဟန်း(နန်းယန်) အာစရိယပူဇော်ပွဲကျင်းပရေး စည်းဝေးမည်

နေပြည်တော် ဧပြီ ၂၅

အထက(၂)ဗဟန်း(နန်းယန်)ကျောင်း၌ ဧပြီ ၃၀ ရက်(စနေနေ့) နံနက် ၉ နာရီတွင် အသက်(၆၀)နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများအား အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရန် အစည်းအဝေး ကျင်းပမည်ဖြစ်ရာ ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြပါရန်နှင့် ဖုန်း-၀၉- ၈၆၅၀၈၅၅ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တစ်ပြည်လုံးတွင် နေ့အပူချိန်များ လျော့နည်းမည်

နေပြည်တော် ဧပြီ ၂၅

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကယားပြည်နယ်တွင် နေရာအနှံ့အပြား၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **နေ့အပူချိန်များမှာ** ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကချင်ပြည်နယ်တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ်၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်ထိ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၇ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့်နေ့အပူချိန်များမှာ** ဇောင်းတူမြို့၊ ဟသ်ာတမြို့နှင့် ဘော်လခဲမြို့ တို့တွင် ၄၀ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ** နေပြည်တော်(လေဆိပ်)တွင် သုည ဒသမ ၇၈ လက်မ၊ မြိတ်မြို့တွင် ၃ ဒသမ ၀၃ လက်မ၊ လောင်းလုံမြို့တွင် ၁ ဒသမ ၆၅ လက်မနှင့် ထားဝယ်မြို့တွင် ၁ ဒသမ ၃၀ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မနက်ဖြန်ညနေအထိခန့်မှန်းချက်။ ။ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်ကျားနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။ တစ်ပြည်လုံးတွင် နေ့အပူချိန်များ လျော့နည်းနေမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

ပြည်တွင်း၊ ပြည်ပ အားကစားသတင်းများ

မြန်မာ့ရိုးရာ ခြင်းလုံးခတ် အားကစား နှစ်ကွင်းပြိုင်စနစ် လက်တွေ့သရုပ်ပြခတ်ကစားကြသူများအား မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ သုမဂ္ဂမဏိဇောတရေ ဦးစိုးနိုင်နှင့် အမှုဆောင်များ ကြည့်ရှုအားပေးကြစဉ်။

(ခြင်းလုံးအဖွဲ့ချုပ်)

မြန်မာ့ရိုးရာခြင်းလုံးခတ် ဥပဒေရေးဆွဲရေးကော်မတီ အစည်းအဝေးနှင့် လက်တွေ့သရုပ်ပြပွဲ ကျင်းပ

ရန်ကုန် မေ ၂၅

မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်မည့် မြန်မာ့ရိုးရာ ခြင်းလုံးခတ် အားကစားပြိုင်ပွဲအတွက် မြန်မာ့ရိုးရာခြင်းလုံးခတ် အားကစား ဥပဒေရေးဆွဲရေးကော်မတီ အစည်းအဝေးနှင့် လက်တွေ့သရုပ်ပြပွဲကို မေ ၂၃ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ရုံးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးထွန်းဝင်း၊ အထွေထွေအတွင်းရေးမှူး၊ မြန်မာ့ရိုးရာခြင်းလုံးခတ်အားကစား ဥပဒေရေးဆွဲရေးကော်မတီဥက္ကဋ္ဌ ဦးရဲအောင်နှင့် ကော်မတီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌ ဦးထွန်းဝင်းက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ခြင်းလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး၊ မြန်မာ့ရိုးရာခြင်းလုံးခတ်အားကစား ဥပဒေရေးဆွဲရေးကော်မတီဥက္ကဋ္ဌ ဦးရဲအောင်က လက်ရှိဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များနှင့် ရှေ့လုပ်ငန်းစဉ်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော မြန်မာ့ရိုးရာခြင်းလုံးခတ်အားကစား ဥပဒေရေးဆွဲရေးကော်မတီဝင်များက အကြံပြုဆွေးနွေးကြသည်။

ထို့နောက် အောင်ဆန်းအားကစားပြိုင်ဝင်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်မည့် မြန်မာ့ရိုးရာ ခြင်းလုံးခတ် အားကစားနှစ်ကွင်းပြိုင်စနစ် ဥပဒေရေးဆွဲနိုင်ရေးအတွက် လက်တွေ့သရုပ်ပြခတ်ကစားခြင်းကို ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ သုမဂ္ဂမဏိဇောတရေ ဦးစိုးနိုင်နှင့် အမှုဆောင်များ တက်ရောက်ကြပြီး လိုအပ်ချက်များကို ညှိနှိုင်းဆောင်ရွက်ပေးကြကြောင်း သိရှိရသည်။ (ကြေးမုံ)

ထိုင်းတံခွန်စိုက် ဖိတ်ခေါ်ပြေးခုန်ပစ်ပြိုင်ပွဲတွင် မြန်မာတို့ ရွှေတစ်ခု၊ ကြေးတစ်ခု ဆွတ်ခူး

ရန်ကုန် မေ ၂၅

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ မေ ၂၂ ရက်တွင် စတင်ကျင်းပလျက်ရှိသည့် ၂၀၁၁ ခုနှစ် ထိုင်းတံခွန်စိုက်ဖိတ်ခေါ်ပြေးခုန်ပစ်ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်နေသော မြန်မာပြေးခုန်ပစ်အဖွဲ့သည် မေ ၂၅ ရက်အပြီးတွင် ရွှေတံဆိပ်တစ်ခု၊ ကြေးတံဆိပ်တစ်ခု ဆွတ်ခူးရရှိခဲ့သည်။

မြန်မာပြေးခုန်ပစ်အဖွဲ့အတွက် ရွှေတံဆိပ်ဆုကို ကီလို ၂၀ လမ်းလျှောက်ပြိုင်ပွဲမှ ကေခိုင်မျိုးထွန်းက ဆွတ်ခူးရယူပေးခဲ့ခြင်းဖြစ်ပြီး ငွေတံဆိပ်နှင့် ကြေးတံဆိပ်တို့ကိုမူ အိမ်ရှင် ထိုင်းကစားသမားများက ရရှိသွားကြသည်။ မီတာ ၄၀၀ အပြေးပြိုင်ပွဲတွင် ယဉ်ယဉ်ခိုင်က ကြေးတံဆိပ်ရရှိခဲ့ပြီး ရွှေတံဆိပ်နှင့် ငွေတံဆိပ်ဆုများကို တရုတ်ကစားသမားများက ဆွတ်ခူးရှိသွားသည်။ ယင်းပြိုင်ပွဲကို အာရှမှ တောင်ကိုရီးယား၊ တရုတ်၊ ဥဇ္ဗက်ကစ္စတန်၊ တရုတ်(တိုင်ပေ)၊ တာဂျစ်ကစ္စတန်၊ သီရိ လင်္ကာ၊ အီရန်၊ အရှေ့တောင်အာရှမှ အိမ်ရှင် ထိုင်း၊ မလေးရှား၊ မြန်မာ၊ ဗီယက်နမ်၊ လာအို၊ ဘရူနိုင်း၊ စင်ကာပူနှင့် အင်ဒိုနီးရှား စုစုပေါင်း ၁၅ နိုင်ငံပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်သည် အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပမည့် (၂၆) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးအတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး ယခုပြိုင်ပွဲကိုလည်း နိုင်ငံတကာအတွေ့အကြုံကောင်းများရရှိစေရန်နှင့် အရှေ့တောင်အာရှ ပြိုင်ဘက်နိုင်ငံများ၏ အခြေအနေများကို သိရှိနိုင်ရန် ဝင်ရောက်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

ကြေးတံဆိပ် ဆွတ်ခူးရရှိခဲ့သော ယဉ်ယဉ်ခိုင်။

ကီလို ၂၀ လမ်းလျှောက်ပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိခဲ့သည့် ကေခိုင်မျိုးထွန်း။

ရှော်ကေး-မန်ယူ၊ ရီးယဲလ်-ဘာစီလိုနာတို့ ယှဉ်ပြိုင်ကြမည့် ချန်ပီယံလိဂ်အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်များ

ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ပထမအကျော့ပွဲစဉ်များအဖြစ် ရှော်ကေးနှင့် မန်ယူ၊ ရီးယဲလ်မက်ဒရစ်နှင့် ဘာစီလိုနာတို့ ယှဉ်ပြိုင်ကြမည်ဖြစ်ခြင်းကြောင့် အိမ်ရှင်အသင်းများ အလေးသာနိုင်မည်လားဆိုသည်ကို စောင့်ကြည့်ကြရတော့မည်ဖြစ်သည်။

မန်ယူတိုက်စစ်ကို ဦးဆောင်လာမည့် ဝိန်းရွန်နေး။

၂၇-၄-၂၀၁၁ (ဗုဒ္ဓဟူးနေ့)
နံနက် ၁း၁၅ နာရီ
ရှော်ကေး-မန်ယူ

ဂျာမန်မြေ အရီနာကွင်းတွင် ယှဉ်ပြိုင်ကစားမည့် ရှော်ကေးနှင့် မန်ယူတို့ပွဲမှာ ပြိုင်ဆိုင်မှုပြင်းထန်သည့် ပွဲကောင်းတစ်ပွဲဖြစ်လာဦးမည်။ ရှော်ကေးအနေဖြင့် ဂျာမန်ဘွန်ဒက်စ်လီဂါတွင် ရုန်းကန်နေရသော်လည်း ချန်ပီယံလိဂ်တွင် ရလဒ်များကောင်းအောင် စွမ်းဆောင်ပြနိုင်ခဲ့သည်။ မန်ယူကမူ ပရီမီယာလိဂ်တွင် ချန်ပီယံဖြစ်ရန် လက်တစ်ကမ်းသာ လိုတော့သည်။ ပရီမီယာလိဂ်ဖလားနှင့် ချန်ပီယံလိဂ်ဖလားတို့ကို ရယူရန် ကြိုးပမ်းနေသည့် မန်ယူသည် အခက်အခဲဆုံး ပွဲကျပ်ကာလကို ကြုံနေသည်။

ရှော်ကေးတွင် ကမ္ဘာကျော်ကစားသမားများ မရှိသော်လည်း နျူယာ၊ မက်ဇဲလ်ဒါး၊ အူချီ ဒါ၊ မာတစ်၊ ဂျူရာဒို၊ ဖာဖန်၊ အဒူးနှင့် ရာအူးလ်တို့အားဖြင့် ပြိုင်ဘက်အသင်းများကို အကောင်းဆုံး ယှဉ်ပြိုင်ကျော်ဖြတ်ခဲ့သည်။ ရှော်ကေးအသင်းသည် ယခုနှစ် ချန်ပီယံလိဂ်တွင် အိမ်ကွင်းခြောက်ပွဲကစားခဲ့ရာ ခြောက်ပွဲလုံး အနိုင်ရခဲ့ပြီး ၁၃ ဂိုးအထိ ဂိုးသွင်းယူနိုင်ခဲ့သည်။

အဝေးကွင်း သွားရောက်ကစားရမည့် မန်ယူအသင်းတွင်မူ ဗန်ဒါဆား၊ အီဗရာ၊ ဗီဒစ်၊ ဖာဒီနန်၊ ဗလင်စီယာ၊ နာနီ၊ ဝိန်းရွန်နေး၊ ဟာနန်ဒက်ဇ် စသည့် အဓိကကစားသမားများဖြင့် ပွဲထွက်လာဖွယ်ရှိနေသည်။ မန်ယူအသင်း၏ အဝေးကွင်းခြေစွမ်းမှာ အကောင်းကြီးမဟုတ်သော်လည်း နောက်တန်းနှင့် ဂိုးသမားတို့၏ စွမ်းဆောင်ရည်ကြောင့် ရှုံးပွဲမရှိသေးပေ။

ရှော်ကေးရော မန်ယူပါ နောက်တန်းတောင့်တင်းမှုရှိကြသော်လည်း ဂိုးသွင်းစွမ်းရည်ပိုင်းတွင် ရှော်ကေးက အနည်းငယ်အားသာသည်ဟု ဆိုရမည်ဖြစ်သည်။ သို့အတွက်ကြောင့် တန်ပြန်တိုက်စစ်ကစားရာတွင် ထိရောက်လျင်မြန်လှသည့် ရှော်ကေးကို မန်ယူအနေဖြင့် ဂိုးမပေးရအောင် ထိန်းချုပ်နိုင်မည်လားဆိုသည်မှာ ရင်ခုန်စိတ်လှုပ်ရှားဖွယ် ကောင်းလွန်းနေသည်။



ရှော်ကေးအသင်းတွင် ခြေစွမ်းပြနေသည့် ရာအူးလ်။

၂၈-၄-၂၀၁၁ (ကြာသပတေးနေ့)
နံနက် ၁း၁၅ နာရီ
ရီးယဲလ်မက်ဒရစ် - ဘာစီလိုနာ

ရီးယဲလ်မက်ဒရစ်နှင့် ဘာစီလိုနာဆိုသည်မှာ စပိန်ထိပ်တန်းအသင်းကြီးများဖြစ်ကြသလို မဟာပြိုင်ဘက်များလည်းဖြစ်ကြသည်။ ဤနှစ်သင်းယခုအဆင့်တွင် ဆုံတွေ့ခြင်းမှာ ဗိုလ်လုပွဲတစ်မျှကြည့်ကောင်းမည့် အနေအထားတွင် ရှိနေသည်။

ရီးယဲလ်မက်ဒရစ်တွင် ကာကာ၊ စီရော်နယ်ဒို၊ အဒီဘာယော၊ မာဆယ်လို၊ အလွန်ဆို၊ ဒီမာရီယာတို့ဖြင့် လူစုံနေသကဲ့သို့ ဘာစီလိုနာတွင်လည်း မက်ဆီ၊ ဇာဗီ၊ အင်နီယေစတာ၊ မာရှေယာနိုတို့ဖြင့် လူစုံပွဲထွက်လာမည်ဖြစ်သည်။ ကစားသမားအင်အားချင်း ကွာဟမှု ကျဉ်းမြောင်းသလို မော်ရင်ဟိုနှင့် ဂွါဒီယိုလာတို့၏ စွမ်းဆောင်ရည်များကလည်း အားလုံး ချီးကျူးလေးစားစရာပင်။

ရီးယဲလ်မက်ဒရစ် အိမ်ကွင်းရလဒ်ကောင်းသော်လည်း ဘာနေဗျူးတွင် ဘာစီလိုနာနှင့် နောက်ဆုံးသုံးကြိမ် ဆုံတွေ့မှုတွင် ရီးယဲလ်မက်ဒရစ်အနေဖြင့် တစ်ကြိမ်မျှ အနိုင်မရခဲ့ပေ။ သို့သော် ဘာစီလိုနာအသင်း၏ ချန်ပီယံလိဂ်အဝေးကွင်းခြေစွမ်းမှာ အကောင်းကြီးမဟုတ်၍ ခက်ခဲသည့် ပြိုင်ဘက်ကောင်းကို မည်သို့ရင်ဆိုင်ယှဉ်ပြိုင်ရမည်ကို ကောင်းစွာနားလည်သဘောပေါက်သည့် မော်ရင်ဟို၏ ဗျူဟာကို အရဲစွန့်ယုံကြည်မည်ဆိုလျှင် ပရိသတ်နှင့် ထပ်တူကျလိမ့်မည်ဟု ယူဆပါသည်။

ရီးယဲလ်မက်ဒရစ်မှ စီရော်နယ်ဒို (ဝဲ) နှင့် ဘာစီလိုနာမှ မက်ဆီ (ယာ)။

ဟန်သစ်

SSA (ဝမ်ဟိုင်း)အဖွဲ့၏ အကြမ်းဖက်ပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူတစ်ဦး ဒဏ်ရာရရှိ

နေပြည်တော် မေ ၂၅

SSA (ဝမ်ဟိုင်း)အဖွဲ့သည် အပြစ်မဲ့ ပြည်သူများ သေကျေဒဏ်ရာရ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အကြမ်းဖက်လုပ်ရပ်များ၊ အဖျက်လုပ်ငန်းများကို တစိုက်မတ်မတ် လုပ်ဆောင်လျက်ရှိရာ ရှမ်းပြည်နယ် (မြောက်ပိုင်း) တန့်ယန်းမြို့နယ် မန်ပိန်းရွာတွင်နေထိုင်သူ လားဟူတိုင်းရင်းသား မောင်ဇာနည်ထွန်း အသက် (၁၆)နှစ်သည် မေ ၂၁ ရက်တွင် မိုင်းကောင်ဈေးမှပြန်လာစဉ် ညနေ ၃ နာရီအချိန်ခန့်၌ ရွာ၏အနောက်တောင်ဘက် နှစ်မိုင်ခန့်အကွာတွင် SSA (ဝမ်ဟိုင်း) အဖွဲ့၏ အကြမ်းဖက် ပစ်ခတ်မှုကြောင့် ဘယ်ဘက်လက်ပြင်နှင့်ချိုင်းအောက်တို့တွင် ဒဏ်ရာရရှိခဲ့သည်။

အဆိုပါ ဒဏ်ရာရလူနာအား တာဝန်ရှိသူများက တန့်ယန်းပြည်သူ့ဆေးရုံမှတစ်ဆင့် လားရှိုးပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးဝါးကုသလျက်ရှိကြောင်းနှင့် ၎င်း SSA (ဝမ်ဟိုင်း) အဖွဲ့အား မိမိတပ်မတော်က လိုက်လံရှင်းလင်းလျက်ရှိကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

ပြည်သူ့ထံမှ ပေးစာများ

ပိုးသတ်ဆေးအနံ့ကြောင့် ကျန်းမာရေးထိခိုက်

စာတည်းခင်ဗျား-

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့ ဈေးတောင်ဘက်တန်းရှိ စိုက်ပျိုးရေးဆေးဆိုင် တစ်ဆိုင်တွင် ပိုးသတ်ဆေးများကို သိုလှောင်၊ ရောင်းချလျက်ရှိရာ ပိုးသတ်ဆေးအနံ့အသက်ဆိုးများကြောင့် ပတ်ဝန်းကျင်နေသူများနှင့် ဈေးဝယ်သူများ၏ ကျန်းမာရေးကို ထိခိုက်စေပါသည်။ သို့ဖြစ်ပါ၍ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ပိုးသတ်ဆေးနံ့မခံနိုင်သူများ**

သန်းခေါင်ယံ ကာရာအိုကေ ဆူညံ

စာတည်းရှင့်-

မော်လမြိုင်မြို့ မြိုင်သာယာရပ် (၃)လမ်းနှင့် ရှင်စောပုလမ်းကြားတွင် ကာရာအိုကေဆိုင် ဖွင့်လှစ်ထားရာ နံနက်မှ ညဉ့်နက်သန်းခေါင်ကျော်အထိ အော်ဟစ်သီဆိုသံများ၊ သောက်စားသူများ၏ ဆူညံသံများ၊ ဆိုင်အနီး အညစ်အကြေး စွန့်ခြင်းများကြောင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက် ဖြစ်နေကြရပါသည်။

သို့ဖြစ်ပါ၍ ရှင်းလင်းဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

လမ်းသူလမ်းသားများ

တရားမဝင်အမိုးအကာများ ဖယ်ရှားပေးစေလို

စာတည်းခင်ဗျား-

ဗိုလ်တထောင်မြို့နယ် အမှတ်(၂)ရပ်ကွက် ရာဇဓိရာဇ်လမ်းသွယ် ဝဲဘက်ခြမ်းတွင် တရားမဝင် အမိုးအကာ အဆောက်အအုံများဆောက်လုပ်၍ ဈေးရောင်းခြင်း၊ လူနေထိုင်ခြင်းနှင့် ယာဘက်ခြမ်းတွင် တရားမဝင်အဖီများချ၍ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေခြင်းတို့ကြောင့် ယာဉ်သွားယာဉ်လာခက်ခဲခြင်းနှင့် လမ်းသွားလမ်းလာများ စိတ်အနှောင့်အယှက်ဖြစ်ရပါမည်။ သို့ဖြစ်ပါ၍ စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **လမ်းသူလမ်းသားများ**

မိလ္လာပိုက်ပေါက် ပြုပြင်ပြီးစီး

၂၅-၂-၂၀၁၁ရက်နေ့ထုတ် ကြေးမုံသတင်းစာပါ သာကေတမြို့နယ် ၁၀ တောင်(၁၂)ရပ်ကွက် မိလ္လာပိုက်ပေါက်များပြုပြင်ပေးစေချင်ပေးစာနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးပါကြောင်း ဖော်ပြအပ်ပါသည်။ **မြို့တော်စည်ပင်**

ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

ပြည်သူ့ထံမှပေးစာ ကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာအပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှ ပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက် အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပေးပို့နိုင်ပါသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်းအား အိန္ဒိယသမ္မတနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၅

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်းအား အိန္ဒိယသမ္မတနိုင်ငံ Research & Analysis Wing Secretary Shri S.K. Tripathi ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဇေယျာသီရိဗိမာန်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကျော်ဆွေ၊ ဗိုလ်ချုပ်သူရသက်ဆွေနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်းအား အိန္ဒိယသမ္မတနိုင်ငံ Research & Analysis Wing Secretary Shri S.K. Tripathi ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်ရှိ ကာကွယ်ရေးဝန်ကြီးဌာန ဇေယျာသီရိဗိမာန်ခန်းမ၌ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

နိုင်ငံတကာ ရုပ်ရှင်အနုပညာရပ်ဝန်း

ဘောလိဝုဒ်၏အရှိန်အဝါ ကမ္ဘာတစ်ဝန်းသို့ပျံ့နှံ့

ဘောလိဝုဒ်ရုပ်ရှင်လောကမှ ဖန်တီးရိုက်ကူးခဲ့သည့် ရုပ်ရှင်ကားများ၏ အရှိန်အဝါမှာ အိန္ဒိယကိုကျော်လွန်၍ အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်၊ အာရပ်စော်ဘွားများပြည်ထောင်စုနှင့် သြစတြေးလျနိုင်ငံသို့တိုင်အောင် ပျံ့နှံ့ရောက်ရှိသွားသည်။ My Name is Khan၊ Rajneeti၊ No One Killed Jessica ကဲ့သို့သောဇာတ်ကားများနှင့် အခြားရုပ်ရှင်ကားများမှာ တောင်ကိုရီးယား၊ မလေးရှား၊ တရုတ်(တိုင်ပေ)၊ တရုတ်ပြည်မကြီးနှင့် ဘယ်လ်ဂျီယံနိုင်ငံတို့ရှိ ရုပ်ရှင်ဈေးကွက်မှ ပရိသတ်များကို ဖမ်းစားနိုင်ခဲ့သည်။

ဝင်ငွေအကောင်းဆုံး

အိန္ဒိယစူပါစတား ရှာရွတ်ခန် ပါဝင်သရုပ်ဆောင်ရိုက်ကူးခဲ့သည့် My Name is Khan ရုပ်ရှင်ကားမှာ တောင်ကိုရီးယားနိုင်ငံတွင် ဝင်ငွေအကောင်းဆုံး ထိပ်တန်းစာရင်းဝင် ရုပ်ရှင် ၁၀ ကားတွင် နံပါတ်သုံးနေရာ၌ ရပ်တည်နိုင်ခဲ့သည်အထိ အောင်မြင်မှုရရှိခဲ့သည်။ ရုပ်ရှင်ဈေးကွက် ကျွမ်းကျင်သူများက ယင်းဇာတ်ကားကို တောင်ကိုရီးယားနိုင်ငံတွင် အမေရိကန်ဒေါ်လာသုံးသန်း ပတ်ဝန်းကျင်ရရှိမည်ဟု မျှော်လင့်ခဲ့သော်လည်း ဒေါ်လာ ၂ ဒသမ ၁၇ သန်းသာ ရရှိခဲ့သည်။ ပြည်ပဈေးကွက်တွင် ဗြိတိန်နိုင်ငံ၌ ဖြန့်ချိခဲ့သည့် ဘောလိဝုဒ်ရုပ်ရှင်ကား လေးကားနှင့် အမေရိကန်နိုင်ငံတွင် ဖြန့်ချိခဲ့သည့် ရုပ်ရှင်ကားခြောက်ကားသာလျှင် ဝင်ငွေဒေါ်လာ သုံးသန်းကျော် ရရှိခဲ့သည်။ တောင်ကိုရီးယားနိုင်ငံသည် My Name is Khan ရုပ်ရှင်ကားအတွက် ဗြိတိန်၊ အမေရိကန်နှင့် အာရပ်စော်ဘွားများပြည်ထောင်စုတို့၏နောက် စတုတ္ထမြောက် အကြီးဆုံးဈေးကွက်သာ ဖြစ်သည်။

My Name is Khan ရုပ်ရှင်ကား၏ ဝင်ငွေမှာအော်စကာဆုရ King's Speech ရုပ်ရှင်ကား၏ ဝင်ငွေတစ်ဝက်ရှိခဲ့ပြီး ကိုရီးယားဇာတ်ကားမဟုတ်သည့် ပြည်ပဇာတ်ကားအနေဖြင့် တောင်ကိုရီးယားနိုင်ငံတွင် ထိပ်တန်းနံပါတ်သုံးစာရင်းဝင်ခဲ့ခြင်းလည်းဖြစ်သည်။

အင်တာနက်။

ပေကျင်းနိုင်ငံတကာရုပ်ရှင်ပွဲတော်မှ အရောင်းမြှင့်တင်ရေးပွဲ ကမ္ဘာ့ရုပ်ရှင်ထုတ်လုပ်သူများကို ဆွဲဆောင်

ပထမအကြိမ်အဖြစ် ကျင်းပလျက်ရှိသည့် ပေကျင်းနိုင်ငံတကာ ရုပ်ရှင်ပွဲတော်မှ ရုပ်ရှင်ဇာတ်ကားများ အရောင်းမြှင့်တင်ရေးပွဲကို ကမ္ဘာတစ်ဝန်းမှ ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီများ၏ ရောင်းဝယ်မှုကို တနင်္ဂနွေနေ့က စတင်ဖွင့်လှစ်ခဲ့သည်။

ပြည်တွင်းရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီ ၅၆ ခုနှင့် ပြည်ပမှ ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီ ၄၄ ခုတွင် နာမည်ကြီး ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီ 20th Century Fox အပါအဝင် တိုကျိုနိုင်ငံတကာ ရုပ်ရှင်ပွဲတော် ကျင်းပရေးတာဝန်ရှိသူများနှင့် အခြားနာမည်ကျော် ရုပ်ရှင်ထုတ်လုပ်ရေးကုမ္ပဏီ အများအပြားလည်း အဆိုပါ အရောင်းမြှင့်တင်ရေးပွဲသို့ တက်ရောက်ခဲ့ကြကြောင်း ပြပွဲကျင်းပရေးကော်မတီဝင်များက ပြောကြားသည်။

အဆိုပါ အရောင်းမြှင့်တင်ရေးပွဲကို ရုပ်ရှင်အနုပညာဖန်တီးမှုနှင့် ပတ်သက်သည့် ဇာတ်ညွှန်းရေးဖွဲ့မှုကဲ့သို့ အနုပညာပိုင်းဆိုင်ရာနှင့် အတတ်ပညာပိုင်းဆိုင်ရာ နည်းပညာများကို တပေါင်းတစည်းတည်း ပေါင်းစပ်မိစေရန် ရည်ရွယ်ချက်ဖြင့် သုံးရက်ကြာ ကျင်းပမည်ဖြစ်သည်။

ပေကျင်းနိုင်ငံတကာ ရုပ်ရှင်ပွဲတော်ကို နိုင်ငံပိုင် ရေဒီယို၊ ရုပ်ရှင်နှင့် ရုပ်မြင်သံကြားစီမံခန့်ခွဲမှု တာဝန်ရှိသူများနှင့် ပေကျင်းဒေသန္တရအစိုးရတို့ပူးပေါင်း၍ ဧပြီ ၂၃ ရက်မှ ၂၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။ အဆိုပါ အရောင်းမြှင့်တင်ရေးပွဲတွင် ရုပ်ရှင်ပွဲတော်ကျင်းပရေး ဥက္ကဋ္ဌနှင့် ကမ္ဘာကျော်ရုပ်ရှင် ဒါရိုက်တာကြီးများ၏ ရုပ်ရှင်လောကဖွံ့ဖြိုးတိုးတက်မှုအတွက် ဆွေးနွေးမှုများကို လေ့လာနိုင်သကဲ့သို့ ရုပ်ရှင်ဇာတ်ကား ရောင်းသူဝယ်သူများအကြား စီးပွားရေးဆိုင်ရာ အခွင့်အလမ်းများ ပိုမိုရရှိကြမည့်အပြင် နိုင်ငံခြားသားများအနေဖြင့် ပေကျင်းရုပ်ရှင်လောကအကြောင်းကို ပိုမိုလေ့လာခွင့်ရရှိမည်ဖြစ်သည်။ **အင်တာနက်။**

ပထမအကြိမ်အဖြစ် ကျင်းပလျက်ရှိသည့် ပေကျင်းနိုင်ငံတကာ ရုပ်ရှင်ပွဲတော် အရောင်းမြှင့်တင်ရေးပွဲကျင်းပစဉ်။

အေဝမ်းစိုး

နိုင်ငံတကာသတင်းများ

ပေကျင်းအထည်ချုပ်အလုပ်ရုံမီးလောင် ၁၇ ဦး သေဆုံး

ပေကျင်း ဧပြီ ၂၅

တရုတ်နိုင်ငံ မြို့တော်ပေကျင်းတွင် တရားမဝင်တည်ဆောက်ထားသည့် အဆောက်အအုံတစ်ခု၌ တနင်္လာနေ့က မီးလောင်ရာ ရွှေ့ပြောင်းအလုပ်သမား ၁၇ ဦး သေဆုံး၍ ၂၄ ဦး ဒဏ်ရာရရှိကြောင်း နိုင်ငံပိုင် မီဒီယာများနှင့် တာဝန်ရှိသူများက ပြောကြားသည်။

မြို့တော်တောင်ပိုင်း ဒါစင်းခရိုင်၌ လေးထပ်အဆောက်အအုံတွင် နံနက် ၁ နာရီခန့်၌ မီးလောင်ခြင်းဖြစ်ကြောင်း နိုင်ငံပိုင်ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

မီးသတ်တပ်ဖွဲ့ဝင်များ၏ ငြိမ်းသတ်မှုကြောင့် တစ်နာရီခန့်အကြာတွင် မီးငြိမ်းသွားခဲ့သည်ဟု ဆိုသည်။

ယင်းအဆောက်အအုံကို ဒေသခံတစ်ဦးက တရားမဝင်တည်ဆောက်၍ အထည်ချုပ်လုပ်ငန်းပိုင်ရှင် ဇနီးမောင်နှံနှစ်ဦးသို့ မြေညီထပ်အား ငှားရမ်းထားခြင်းဖြစ်ကြောင်း ဆင်ဟွာက ဖော်ပြသည်။

ထိုအထည်ချုပ်အလုပ်ရုံမှ စတင်လောင်ခြင်းဖြစ်သည်ဟု ယုံကြည်ရကြောင်း၊ သက်ဆိုင်ရာ၌ စည်းကမ်းတကျ မှတ်ပုံတင်ထားခြင်းလည်း မရှိကြောင်း ဆင်ဟွာက ဆိုသည်။

သေဆုံးသူအားလုံးမှာ ရွှေ့ပြောင်းအလုပ်သမားများဖြစ်ကြပြီး အများစုသည် မီးခိုးများရှူမိသဖြင့် အသက်ရှူကျပ်ကာ သေဆုံးရခြင်းဖြစ်သည်ဟု ဆိုသည်။

မီးလောင်မှုဖြစ်ပွားရခြင်း၏ အကြောင်းရင်းမှာ လျှပ်စစ်ဝိုင်ယာကြိုးများ၏ ချို့ယွင်းမှုကြောင့် ဖြစ်ရသည်ဟု ယူဆရကြောင်း၊ စုံစမ်းစစ်ဆေးမှုကို စတင်ဆောင်ရွက်လျက်ရှိကြောင်း ဒေသဆိုင်ရာ အစိုးရတာဝန်ရှိသူတစ်ဦးကို ကိုးကား၍ နိုင်ငံပိုင်ချိုင်းနားဗဟိုရုပ်သံလိုင်းက ကြေညာသည်။

အဆောက်အအုံ၏ တံခါးပေါက်များကို သံတိုင်များစိုက်ထားသဖြင့် လူများသည် မီးဘေးမှ ထွက်ပြေး၍ မရခဲ့ခြင်းဖြစ်သည်ဟု ဆင်ဟွာက ဖော်ပြသည်။ **အေအက်ဖ်ပီ။**

ဧပြီ ၂၅ ရက်က ဆန်ဒိုင်းမြို့မှ တိုကျိုမြို့သို့ ထွက်ခွာလာသော ကျည်ဆန်ရထားတစ်စင်းကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တိုကျို-ဆန်ဒိုင်း ကျည်ဆန်ရထားခရီးစဉ် ပြန်လည်စတင်

တိုကျို ဧပြီ ၂၅

ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်း၌ မတ် ၁၁ရက်က မြေငလျင်လှုပ်ခတ်မှုနှင့်အတူ ဆူနာမီရေလှိုင်းရိုက်ခတ်ခဲ့ပြီးနောက် တိုကျို-ဆန်ဒိုင်းကျည်ဆန်ရထားခရီးစဉ်များကို ဧပြီ ၂၅ရက်တွင် ပြန်လည်စတင်လိုက်ကြောင်း ဂျပန်သတင်းဌာနများက သတင်းထုတ်ပြန်သည်။

သဘာဝဘေးအန္တရာယ်ကို အဆိုးရွားဆုံးတွေ့ကြုံခံစားခဲ့ရသော ဒေသများအနက် ဆန်ဒိုင်းမြို့ပါဝင်ခဲ့သည်။ ယင်းမြို့သည် မီယာဂီပြည်နယ်၏မြို့တော်ဖြစ်သည်။

မြေငလျင်ဘေးဒဏ်တွေ့ကြုံခဲ့ရသောဒေသများ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိရာတွင် တိုကျို-ဆန်ဒိုင်းကျည်ဆန်ရထားခရီးစဉ်ပြန်လည်ပြေးဆွဲနိုင်မှုသည် တိုးတက်မှုတစ်ရပ်ဖြစ်သည်။

ထိုဖြစ်စဉ်အတွင်း မြေငလျင်ကြောင့် ပျက်စီးခဲ့ရသော ဖူကူရှီးမားဒိုင်အိချိနျူကလီးယား ဓာတ်အားပေးစက်ရုံမှ ရေဒီယိုသတ္တိကြွယိုစိမ့်မှုမရှိတော့ဟု ယူဆရကြောင်း ဂျပန်နျူကလီးယား ဘေးအန္တရာယ်ကင်းရှင်းရေးအေဂျင်စီ တာဝန်ရှိသူများက ပြောကြားကြသည်။ဖူကူရှီးမားနျူကလီးယားပေးစက်ရုံကိုဖွင့်လှစ်ထားသော တိုကျိုလျှပ်စစ်ဓာတ်အားကုမ္ပဏီသည် ဓာတ်ရောင်ခြည်ယိုစိမ့်မှုကို ထိန်းချုပ်နိုင်ရန်ကြိုးပမ်းလျက်ရှိသည်။ **အင်တာနက်။**

ကိုလံဘီယာ၌ ရေလွှမ်းမိုးမှုများဖြစ်ပွား ပြည်သူ ၂၉၀၀၀ ကိုရွှေ့ပြောင်းပေးရ

ဘိုဂိုတာ ဧပြီ ၂၅

ကိုလံဘီယာနိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလွှမ်းမိုးမှုများဖြစ်ပွားလျက်ရှိရာ ပြည်သူ ၂၉၀၀၀ ကျော်ကို ရေဘေးလွတ်ရာ နေရာဒေသများသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း ကိုလံဘီယာ ကြက်ခြေနီအဖွဲ့က ဧပြီ ၂၅ ရက်တွင် ပြောကြားသည်။

ကိုလံဘီယာနိုင်ငံရှိ ပြည်နယ် ၃၂ ပြည်နယ်အနက် ၂၄ပြည်နယ်၌ မိုးဆက်လက်ရွာနေဆဲဖြစ်သဖြင့် ရေလွှမ်းမိုးမှုအခြေအနေမှာ ဆက်လက်ဖြစ်ပေါ်မည်ဖြစ်ကြောင်း ကြက်ခြေနီအဖွဲ့တာဝန်ရှိသူ ဆီဇာအူယူအီနာက ပြောကြားသည်။

ခံစားနေကြရ

ကိုလံဘီယာနိုင်ငံရှိ မက်ဒေလီနာမြစ်နှင့် ကော်ကာမြစ်တို့တွင် မြစ်ရေကြီးနေပြီး မြစ်ဝကျွန်းပေါ်ဒေသများ၌ နေထိုင်သူများမှာ ရေဘေးဒဏ်ကို အဆိုးရွားဆုံး ခံစားနေကြရသည်။

နီဗာမြို့အနီးရှိ ရေလှောင်တမံ၌ ရေလျှံနေသဖြင့် ရေများကို ဖောက်ထုတ်ပေးခဲ့ရကြောင်း ၎င်းကပြောကြားသည်။

အင်တာနက်။

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - **ရန်တိုက်ပေးနေသည်။**
☆ RFA, DVB - **သွေးထိုးနေသည်။**
☆ **ခလောက်ဆန် အကောက်ကြံ**
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

တံတားများ စောစောဖွင့်လှစ်နိုင်ပါက ပြည်သူများ စောစီးစွာ အကျိုးကျေးဇူးခံစားရမည်

တပ်မတော်အစိုးရလက်ထက်က မပြီးပြတ်ခဲ့သည့် စီမံကိန်းကြီးများကို (၂)နှစ် (၃)နှစ်အတွင်း အမြန်ပြီးပြတ်အောင်ဆောင်ရွက်

စီမံကိန်းအသစ်များ အကောင်အထည်ဖော်ဆောင်ရွက်သကဲ့သို့ တည်ရှိပြီးလမ်းတံတားများ အစဉ်ကောင်းမွန်အောင် ပြုပြင်ထိန်းသိမ်း

နေပြည်တော် ဧပြီ ၂၅

ပုဂံ-ညောင်ဦးမြို့၌ ရောက်ရှိနေသော နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် အဖွဲ့ဝင်များသည် ယနေ့ နံနက်ပိုင်းတွင် ပုဂံ-ညောင်ဦးလေဆိပ်မှ အထူးလေယာဉ်ဖြင့် ထွက်ခွာရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်၊ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့် တာဝန်ရှိသူများက လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် ရန်ကုန်မြို့သို့ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရောက်ရှိကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ လိုက်ပါလျက် ရဟတ်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာခဲ့ရာ ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်ရှိ ဧရာဝတီတံတား (ညောင်တုန်း) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြသည်။ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် တာဝန်ရှိသူများက ဧရာဝတီတံတား (ညောင်တုန်း)မှ ကြိုဆိုကြသည်။

ယင်းနောက် စီမံကိန်းရှင်းလင်းဆောင်၌ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်က ဧရာဝတီတံတား(ညောင်တုန်း) ပင်မတံတား သံပေါင်တပ်ဆင်ခြင်း ဆောင်ရွက်ရန် ၂၂၅၆ မီတာအနက် ၇၅၇ မီတာ ပြီးစီးနေမှု၊ သံပေါင်အခန်း ၂၀ အနက် **စာမျက်နှာ ၆ ကော်လံ ၁ သို့** ☆

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဧရာဝတီတံတား (ညောင်တုန်း) စီမံကိန်းရှင်းလင်းဆောင်၌ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)